ဆယ်မိုင်ကျေးရွာ

ဆယ်မိုင်ကျေးရွာအုပ်စု၊ မိုးညှင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာအုပ် (၂၀၂၄ - ၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ဆယ်မိုင်ကျေးရွာ ၊ မိုးညှင်းမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ

# မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၄

စကားချီး ၅

ဆယ်မိုင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈**

(၁)နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၁

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ ၂၉

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၃**

(၁) လူမှုစီးပွားရေး အခြေအနေ

**ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား**

**ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ**

**ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ**

**ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

(၂) ကဏ္ဍအသီးသီး၏**လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

**ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာ၏**စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

**ဇယား ၁၄** ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဧရိယာ**

**ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

**ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

**ဇယား** ၁၉ **မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃-က **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား ၂၃-ခ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့် အခက်အခဲ**များ

ဇယား ၂၄ **ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**

**ဇယား ၂၅ ရွှေ့ပြောင်းသွားလာ**ရခြင်း၏ အဓိက အကြောင်းရင်း

ဇယား **၂၆** ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

**ဇယား** ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ စျေးကွက်လက်လှမ်းမီမှု အခြေအနေ

**ဇယား** ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယာ ၂၉ **သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**

ဇယား  ၃၀  မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား  ၃၁ ကျောင်းတက်နှုန်း
ဇယား  ၃၂  စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား  ၃၃  **ပညာရေး** အခက်အခဲနှင့် ပြဿနာများ
ဇယား  ၃၄ **အဖြစ်များသော** ရောဂါများ
**ဇယား  ၃၅  လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု**
ဇယား  ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား  ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား  ၃၈ အိမ်သာ အမျိုးအစား
ဇယား  ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား  ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား  ၄၁  ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား  ၄၂  ရ**ေကြောင်း** သယ်ယူပို့ဆောင်ရေး
ဇယား  ၄၃  သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား  **၄၄  လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား  **၄၅  ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**
**ဇယား  ၄၆  ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး  အခြေအနေ**
**ဇယား  ၄၇  ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု**
**ဇယား  ၄၈  မူခင်းဖြစ်ပွားမှု အခြေအနေ**
**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇**
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
**နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ) ၆၉**
**ကိုးကားစာရင်း** ၇၄

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |

| | |
|---|---|
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MCRD | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၄/၂၀၂၅ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသောလူအများပါဝင်ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာလ ၊ ၂၀၂၄

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဆယ်မိုင်ကျေးရွာ

မိုးညှင်းမြို့နယ်

8

ဆယ်မိုင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊မိုးညှင်းမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန်လိုအပ်သောနည်းပညာများရရှိရန်အရေးကြီးကြောင်း ကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များ ရရှိရန်ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက် နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဥ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဥ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဥ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဥ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ဤသို့ဖြင့်လုပ်ငန်းများကိုလူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ဆယ်မိုင်ရွာသစ်ကျေးရွာသည် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ မိုးညှင်းမြို့နှင့်(၁၀)မိုင်ခန့်ကွာဝေးသည်။မြောက်လတ္တီကျူ ၂၄.၆၆၅၂၄၄' နှင့်၂၄.၆၇၇၆၇၄' အကြား၊အရှေ့လောင်ဂျီကျူ ၉၆.၂၆၄၆၀၄' နှင့် ၉၆.၂၇၈၄၃၇' အကြားတည်ရှိသည်။ဧရိယာစတုရန်းမိုင် ၀.၂၅ မိုင်ကျယ်ဝန်းသည်။ ပင်လယ်ရေမျက်နှာပြင် အထက် ၂၅၁ မီတာ တွင်တည်ရှိပြီး အပူအအေးမျှတကာ သင့်တင့်သော ရာသီဥတုမျိုး ရရှိသော ဒေသတစ်ခုဖြစ်သည်။ မိုးညှင်းအရှေ့ဘက်တွင် ဂန့်ဂေါတောင်တန်းနှင့် အနောက်ဘက်တွင် မုန်ကင်းတောင်တန်းတို့ ဝန်းရံလျက်ရှိသည်။တောင်တန်းဒေသဟု ဆိုစေကာမူ ညီညာဘက်မှချောင်းဖျားခံပြီးစတင်စီးဆင်းလာသောနန့်ရင်းချောင်းသည် ကျွန်ုပ်တို့ကျေးရွာ၏ စိုက်ပျိုးရေး၊ဝမ်းစာရေးအတွက် အသက်သွေးကြော ကြီးသဖွယ်ရပ်တည်လျက်ရှိသည်။

ကြီးမားကျယ်ပြန့်သော လွင်ပြင်ကြီးတစ်ခု၏ အမြင့်ပိုင်းတစ်နေရာတွင် တည်ရှိသောကြောင့် ရှေးယခင်က ကျွန်ုပ်တို့၏ ဆယ်မိုင်ရွာသစ်ကျေးရွာကို ‘လွင်ဦးရွာ’ဟုလည်း ခေါ်တွင်ခဲ့ကြသည်။ ရွာ၏မြောက်ဘက် စိုက်ပျိုးမြေအများအပြားအတွက် ရွာကိုဖြတ်၍ တူးမြောင်းများတူးဖော်ထားရခြင်းကြောင့် တူးမြောင်းနှင့် တံတားအရေအတွက် အလွန်များသော ရွာတစ်ရွာလည်းဖြစ်သည်။

ပတ်ဝန်းကျင်ကျေးရွာများဖြစ်ကြသော မြောက်ဘက်မှ သာယာကုန်း၊ညောင်ကိုင်းနှင့် နန့်ပုတ်ကျေးရွာများနှင့် တောင်ဘက် မော်ဟန်၊ မော်ဟဲ၊ နန့်စီးအောင်ကျေးရွာများသို့ ပြည်ထောင်စုလမ်းမကြီးဖြင့် ဆက်သွယ်ထားသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးနှင့်အခြား လူမှုစီးပွားရေးအတွက်၌ ပြည်ထောင်စုလမ်းမကြီးကို အဓိကအားထားသောကျေးရွာဖြစ်သည့် အလျောက်ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေး အတွက်အမြန်လမ်းမကြီးကို ပြည်ပများနှင့် အတူပိုမိုကောင်းမွန်တိုးတက်အောင် ဆောင်ရွက် ရန်အထူးလိုအပ်ပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

စိုက်ပျိုးနိုင်သော လယ်မြေ ၂၁၀၉.၂၉ ဧကရှိပြီး မြေဆီမြေသြဇာ အသင့်အတင့် ကောင်းမွန်သည်။တောင်သူအများစုသည် ဆန်စပါးကိုသာ အဓိကစိုက်ပျိုးကြပြီး မြေပဲနှင့် နေကြာကို သီးထပ်အဖြစ် အနည်းအကျဉ်း စိုက်ပျိုးကြသည်။နွေအခါ၌ ချောင်းရေနည်းပါး၍ စိုက်ပျိုးရန်မရနိုင်ပါ။ စိုက်ပျိုးမြေစုစုပေါင်း၏ ၉၅% သည်ချောင်းရေကို အားထားကြရပြီး ရာခိုင်နှုန်းအနည်းငယ်မှာ ချောင်းရေကို အသုံးပြု၍ စိုက်ပျိုးကြရသည်။

ကျေးရွာ၏ အရှေ့တောင်ဘက်(၅)မိုင်ခန့်အကွာ ဂန့်ဂေါတောင်တန်း၏ တစ်စိတ် တစ်ဒေသဖြစ်သော ဒေသအခေါ် ရခူးမှော်၊လောဘမှော်တို့၌ ကျောက်ပြာ အနည်းအကျဉ်း ထွက်ရှိသည်။ နေရာအနှံ့ထွက်ရှိသော်လည်း အများအစားမရနိုင်ခြင်း၊နယ်မြေ မငြိမ်းချမ်း ခြင်းတို့ကြောင့် ရွာသူ/သား အချို့ တနိုင်တပိုင်သာလုပ်စားကြသည်။

ထို့ထက် အရှေ့တောင်ဘက် ပိုမိုအလှမ်းကွာသော နေရာများတွင် စလင်းကျောက် အများအပြားထွက်ရှိသည်။စလင်းအနည်းအကျဉ်းကို ကျောက်ပြာမှော်နှင့်အခြားနေရာအနှံ့ တွေ့ရသည်။ သွားလာရခက်ခဲခြင်း၊ နယ်မြေအခြေအနေနှင့် ဈေးကွက်အခက်အခဲတို့ကြောင့် စားဝတ်နေရေးအတွက် အားထားရလောက်သော အနေအထားတွင်မရှိပါ။

ကျေးရွာ၏အဓိကလုပ်ငန်းတစ်ခုမှာ ထင်း၊မီးသွေးလုပ်ငန်းဖြစ်သည်။ဆန်စပါးပြီးလျှင် ဝမ်းစာရေးကို ဖြေရှင်းရာတွင် ဒုတိယအလုပ်အကိုင်အဖြစ်တွင် တွင်လုပ်ကိုင်ခဲ့ကြသည်။ သစ်မာများ ကိုလည်းစဉ်ဆက်မပြတ်ထုတ်ယူခြင်း၊စီးပွားဖြစ်လုပ်ကိုင်ခြင်းများလည်းရှိသည်။ အလုပ်အကိုင်ရှားပါးမှုကြောင့် သစ်တောထုတ်ကုန်များကို အလွန်အကျွံထုတ်ယူသုံးစွဲ လာခဲ့ ခြင်းကြောင့် ယခုအခါ သစ်တောပြုန်းတီးမှုနှင့်အတူ ဒေသ၏ ရေအရင်းအမြစ်ကိုပင် ထိခိုက် သက်ရောက်လာပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင်အိမ်ထောင်စုပေါင်း(၅၅၂)စုရှိသည်။ကျား(၁၂၀၁)၊မ(၁၂၇၀)ဦး စုစုပေါင်း (၂၄၇၁)ဦးရှိကာ တစ်အိမ်ထောင်၏ ပျှမ်းမျှလူဦးရေမှာ(၄.၉၈)ဦးနှုန်းဖြစ်ပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျှမ်းမျှနှုန်း(၅)ဦးထက် အနည်းငယ်လျော့နည်းသည်။ ကျေးရွာတွင် ရှမ်းနီ (တိုင်းလိုင်)တိုင်းရင်းသား၉၈ရာခိုင်နှုန်းကျော်နေထိုင်ကြပြီးကချင်၊ဗမာ၊ရခိုင်နှင့်လီဆူ တိုင်းရင်းသားအချို့လည်းနေထိုင်ကြသည်။အလုပ်လုပ်နိုင်သောလူဦးရေ ကျား(၈၂၅)၊မ(၇၈၁)ယောက်ရှိပြီး ကျေးရွာရှိ စုစုပေါင်းလူဦးရေ၏(၆၀.၂၆)ရာခိုင်နှုန်းရှိသည်။အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသားလူဦးရေ (၅၁.၃၇)ရာခိုင်နှုန်း၊အမျိုးသမီးဦးရေ(၄၈.၆၃)ရာခိုင်နှုန်းရှိသဖြင့် အလုပ်လုပ်နိုင်သော အမျိုးသား ဦးရေသည် အမျိုးသမီးဦးရေထက်(၂.၇၄)ရာခိုင်နှုန်းပိုများသည်။

အလုပ်လုပ်နိုင်သော လူဦးရေသည် စုစုပေါင်းလူဦးရေ၏(၆၀.၂၆)ရာခိုင်နှုန်းရှိသဖြင့် လူသားအရင်းမြစ်ကောင်းတစ်ရပ်အသင့်အတင့်ရှိသော ကျေးရွာတစ်ရွာဖြစ်ကာ ကျေးရွာအတွင်းရှိ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး လူ့စွမ်းအားအရင်းအမြစ်ကောင်းများအဖြစ် ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်သည်။ ကျေးရွာအတွင်းရှိ လူငယ်များနှင့်လူကြီး ၊ကျား မ အဆင့်အတန်း မခွဲခြားဘဲလူ့စွမ်းအားအရင်းအမြစ်များကို အပြည့်အဝအသုံးပြုမည်ဆိုပါက ကျေးရွာ၏ လူမှုစီးပွားရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အချိန်တိုအတွင်းဆောင်ရွက်နိုင်သည်။

### (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

စိုက်ပျိုးရေးသည် ကျေးရွာ၏ အဓိကစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမာန်အားဖြင့်လျော့နည်းသည်။ခနအဆင့်သတ်မှတ်မှုအရ ချမ်းသာသော အိမ်ထောင်စုဦးရေသည် အိမ်ထောင်စုအားလုံး၏(၉.၃၅)ရာခိုင်နှုန်းသာရှိပြီး အဆင်ပြေသော မိသားစု(၃၆.၄၅) ရာခိုင်နှုန်းရှိသည်။ဆင်းရဲနှင့်အလွန်ဆင်းရဲအဆင့်အဖြစ် ခံယူထားကြသော မိသားစု(၅၄.၂၁) ရာခိုင်နှုန်းရှိသည်။

ချမ်းသာသော မိသားစုများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပြင် အရောင်းအဝယ်လုပ်ငန်း(ဆန်စပါး၊အိမ်မြေ၊ခြံမြေ)ကျွဲ၊နွားအများအစား မွေးမြူသောလုပ်ငန်း၊ဆန်စက်လုပ်ငန်း၊ ဒေသတွင်းသစ်၊ပျဉ် ထုတ်လုပ်ရေးလုပ်ငန်း၊အိမ်ဆိုင်(စျေးရောင်း)နှင့်ဒေသတွင်း ငွေစုငွေချေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ကြသည်။စိုက်ပျိုးမြေပိုင်ဆိုင်မှုအားဖြင့် အများစုမှာ မြေကော၂ ကေနှင့်အထက်ပိုင်ဆိုင်ကြသည်။

အဆင်ပြေသော မိသားစုများသည် အများအားဖြင့် စိုက်ပျိုးမြေ(၅)ကေမှ (၁၂.၅)ကေ အကြား ပိုင်ဆိုင်ကြပြီး စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသည်။တွဲဖက်လုပ်ငန်းများအဖြစ် ထင်း၊မီးသွေး လုပ်ငန်း၊လက်သမား၊ပန်းရံ လုပ်ငန်းများကို လုပ်ကိုင်ကြသည်။

၅၄.၂၁ရာခိုင်နှုန်းသော အဆင်မပြေသည့် မိသားစုများမှာ စိုက်ပျိုးမြေ(၅)ကေအောက် ပိုင်ဆိုင်သူများပြီး အများစုမှာ မြေယာမဲ့များဖြစ်ကြသည်။

စိုက်ပျိုးမြေပိုင်ဆိုင်မှုအရ ကျေးရွာတွင် ၂.၅ ကေအောက်ပိုင်ဆိုင်သူ(၄.၆၇) ရာခိုင်နှုန်း၊ ၂.၅ကေမှ၅ကေထိပိုင်ဆိုင်သူ (၂၃.၃၆)ရာခိုင်နှုန်း၊၅ကေမှ ၁၂.၅ကေကြားပိုင်ဆိုင်သူ(၂၉.၉) ရာခိုင်နှုန်း၊၁၂.၅ ကေအထက်ပိုင်ဆိုင်သူ(၁၂.၁၅)ရာခိုင်နှုန်းနှင့် မြေယာမဲ့(မြေယာမပိုင်သူ) (၂၉.၉၁)ရာခိုင်နှုန်းရှိသည်။

အဆင်မပြေသော မိသားစုအများမှာ စိုက်ပျိုးရေးလုပ်ငန်းတွင် အငှားဝင်လုပ်ခြင်း (သူရင်းငှား)၊ နေ့စားလိုက်ခြင်းနှင့် ပြင်ပတွင်ထွက်၍ လုပ်ကိုင်ခြင်း၊ကျပန်းလုပ်ခြင်းဖြင့် စားဝတ် နေရေးအတွက် ဖြေရှင်းကြရသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စု(၂၉.၉)ရာခိုင်နှုန်းရှိပြီးလယ်ယာလုပ်ငန်း၊ သူရင်းငှား လုပ်ငန်း၊ လက်လီ၊ ထင်း၊ မီးသွေး၊ သစ်ခုတ်လုပ်ငန်း၊ သစ်ခွဲလုပ်ငန်း၊ ဆန်စက်၊ တနိုင်တပိုင် မွေးမြူရေး၊ငွေစုငွေချေးလုပ်ငန်း၊မုဆိုးလုပ်ငန်း၊ နေ့ထွက်(နေ့စား)လုပ်ငန်းများလုပ်ကိုင်ကြ သည်။ကျေးရွာ၏ ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများသည် စိုက်ပျိုးရေးလုပ်ငန်း၊ သစ်ခုတ်လုပ်ငန်း၊ သစ်ခွဲစက်၊ ပုဂ္ဂလိကစိုက်ခင်းများတွင် အငှားဝင်ရောက်လုပ်ကိုင်ကြပြီး ပုဆိုး၊ဂိုင်းထောင်(သားကောင်ထောင်ဖမ်းသည့်အလုပ်–တောဝက်၊ဝံ၊ဆတ်၊သင်းခွေချပ် စသည့်) လုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုများ၏(၃၀) ရာခိုင်နှုန်းဖြစ်သောအိမ်ထောင်စု(၈၆)စုကို လေ့လာဆန်းစစ်မှုအရယင်းတို့၏ (၅၉.၃၀)ရာခိုင် နှုန်းမှာသူတပါးထံမှ ထောက်ပံ့မှုရယူခြင်း၊ ချေးငှားခြင်းမပြုဘဲ နှပ်မှန်အောင် စားသောက် နိုင်ပြီး(၁၃.၉၅)ရာခိုင်နှုန်းမှာ ချေးငှားပြီးမှ နှပ်မှန်စားနိုင် ကြောင်း၊(၁၆.၂၈)ရာခိုင်နှုန်းမှာ ထောက်ပံ့မှုဖြင့် နှပ်မှန်စားနိုင်ကြောင်းနှင့်(၁၀.၄၇)ရာခိုင်နှုန်းမှာ ထောက်ပံ့မှု ၊ချေးယူမှု ဖြင့် နှပ်မှန်အောင်စားနိုင်ကြောင်းတွေ့ရသည်။ဝမ်းစာဖူလုံမှုအနေဖြင့် ယင်း အိမ်ထောင်စုများ၏ (၃၉.၅၃)ရာခိုင်နှုန်းမှာ တစ်နှစ်ပတ်လုံး မဖူလုံသော အိမ်ထောင်စုဖြစ်ပြီး ၃လမှ ၆လ ကြား မဖူလုံသူ(၂၇.၉)ရာခိုင်နှုန်းနှင့် ၃ လအောက်မဖူလုံသူ(၃၂.၅၆)ရာခိုင်နှုန်းရှိကြောင်း တွေ့

ရသည်။သို့ဖြစ်၍ ကျေးရွာတွင် ဆင်းရဲနှင့်အလွန်ဆင်းရဲ မိသားစုများ၏ ထက်ဝက်ကျော် ထောက်ပံ့မှုရယူခြင်း၊ချေးငှားခြင်းမပါဘဲ စားဝတ်နေရေးကို ရုန်းကန်ရင်း ဖြေရှင်းကြသည်။ ကျန်ထက်ဝက်ခန့်မှာထောက်ပံ့မှုယူခြင်း၊ချေးငှားခြင်း၊နှစ်မျိုးစလုံးရယူခြင်းစသဖြင့် မိသားစု စားဝတ်နေရေးကို ပုံစံ အမျိုးမျိုးဖြင့် ဖြေရှင်းကြသည်။

အိမ်ထောင်စုအားလုံး၏ (၁၉.၀၆)ရာခိုင်နှုန်းသည် အမျိုးသမီး ဦးဆောင်အိမ်ထောင်စု များ ဖြစ်ကြပြီး အများစုမှာ ဆင်းရဲကြသည်။အလားတူ မိသားစု စောင့်ရှောက်မှုမရှိသော ၆၀နှစ်နှင့် အထက်ကျား(၅)ဦး၊မ(၁၀)ဦး၊ရပ်ရွာကစောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် ကျား(၂)ဦး၊ မ(၁)ဦးနှင့် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု ၆ စုရှိသည်။ယင်းမှ မိသားစု စောင့်ရှောက်မှု မရှိသော ၆၀ နှစ်အတက်(၁၅)ဦးနှင့် မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှု မရှိသော မသန်စွမ်း(၃)ဦးမှာ အမှန်တကယ် အကူအညီလိုအပ်နေသူများဖြစ်ကြ သည်။

ကျေးရွာတွင် မူးယစ်ဆေးဝါးသုံးစွဲသော လူငယ်လူရွယ်များရှိကြပြီး မကြာခဏ ခိုးမှုများလည်းရှိသည်။ယင်းမူးယစ်ဆေးဝါးမှာ ကျေးရွာရှိ လူငယ်လူရွယ်များကို ခြိမ်းခြောက် လျက်ရှိသည်။

အလုပ်အကိုင်ရှားပါးခြင်း၊ကျွမ်းကျင်ပညာရပ် မတတ်မြောက်ခြင်း၊ မူးယစ်ဆေးဝါး ၊အသိပညာအားနည်းမှုနှင့် ထိခိုက်လွယ်သော မိသားစု/အုပ်စုအပေါ် အုပ်ချုပ်ရေးအဖွဲ့နှင့် ရပ်မိရပ်ဖများ၏ လစ်လျူရှုမှုသည် ကျေးရွာဖွံ့ဖြိုးမှု၏ အဓိကစိန်ခေါ်မှုပင်ဖြစ်သည်။

### (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ကလေးငယ်အများစုလည်း
ကျန်းမာကြသည်။မွေးကင်းစကလေးငယ် များ အသေအပျောက်နည်းပါသည်။ကျန်းမာရေး ဝန်ဆောင်မှုအနေဖြင့် မွေးကင်းစ ကလေးငယ် များ၊ကိုယ်ဝန်ဆောင်အမျိုးသမီးများအား အခါအားလျော်စွာ ကာကွယ်ဆေးထိုးခြင်း၊ကာကွယ် ဆေးတိုက်ခြင်း တို့ကိုပြုလုပ်ပေးသည်။

ကျွန်ုပ်တို့၏ ကျေးရွာတွင် ကျန်းမာရေးဝန်ထမ်းသားဖွားဆရာမ(ဆယ်မိုင်ဘိနယ်) တစ်ဦးသာရှိပြီး လက်ရှိဆောက်လုပ်ပြီးစီးထားသော ကျေးရွာဆေးခန်းမှာလည်း ယခုတိုင် ကျန်းမာရေးဝန်ထမ်းချပေးခြင်းမရှိသောကြောင့် ဖွင့်လှစ်နိုင်ခြင်းမရှိသေးပါ။ကျေးရွာအတွင်း အမျိုးသမီးများ၊လူငယ်လူရွယ်များနှင့်သက်ကြီးရွယ်အိုများအတွက် အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုမရှိသလောက် နည်းပါးနေသေးသည်။ မြို့နယ်ဆေးရုံးနှင့်(၁၅)ကီလိုမီတာ ကွာဝေးပြီးဆေးဆိုင်များနှင့်လက်လှမ်းမီမှုမရှိသောကြောင့်ဆောက်လုပ်ပြီးဖြစ်သော ကျေးရွာ

ဆေးခန်းအားကျန်းမာရေးဝန်ထမ်းများ အမြန်ဆုံးချပေးရန် လိုအပ်နေပါသည်။ သားဖွား ကဲ့သို့သော ကျန်းမာရေး ဝန်ထမ်းများကိုချထားပေးရာတွင် ကျေးရွာသူ/သားများနှင့် လိုက်လျောညီထွေဆက်ဆံတတ်ပြီးကျွမ်းကျင်သောဝန်ထမ်းများနှင့်အစားထိုးပေးရန် လိုအပ်ပါသည်။

အမျိုးသမီးများတွင် သားအိမ်ကင်ဆာဖြစ်ပွားမှုကိုတွေ့ရသည်။သို့ဖြစ်၍ ကျေးရွာသားများ သာမာန်အားဖြင့် ကျန်းမာကြသော်လည်း အခြေခံကျန်းမာရေး အသိပညာပေးမှုများ၊ ကလေး၊လူကြီး၊အမျိုးသမီး မကျန် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုနှင့် ကုသရေးအပိုင်းတွင် နှောင့်နှေးလျက်ရှိနေသေးသည်ကို တွေ့ရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျွန်ုပ်တို့၏ကျေးရွာတွင် အိမ်ထောင်စု စစ်တမ်းအရ စာမတတ်သူဦးရေ(၅၉)ဦးရှိပြီး ၉ နှစ် အထက်လူဦးရေ၏ (၂.၃၈)ရာခိုင်နှုန်းရှိသည်။ဘုန်းကြီးကျောင်းသင် ပညာရေးဦးရေ (၉၆)ယောက် ရှိသည်။လက်ရှိကျောင်းဝင်စာရင်းအရ ကျေးရွာပြင်ပမှ တက်ရောက်သော ကျောင်းသား/သူများအပါအဝင်မူလတန်းကျောင်းသားဦးရေ(၂၆၆)ယောက်ရှိပြီးအလယ်တန်း (၃၀၈)ယောက်ရှိသည်။ အလယ်တန်း(၃၀၈)ဦးတွင် ကျေးရွာအတွင်းမှ ကျောင်းသား(၂၇၁)ဦး ပါဝင်သည်။တစ်ရွာလုံး၏အခြေခံပညာအလယ်တန်းအဆင့်နှင့်ကျောင်းထွက်သူဦးရေ(၈၆၈) ဦးရှိသည်။

တစ်ရွာလုံး၏အထက်တန်းပညာရေးဦးရေ(၂၄၅)ဦး၊ကျေးရွာပြင်ပမှ တက်ရောက်သူများအပါအဝင် ထခွဲကျောင်းတွင် လက်ရှိတက်ရောက်နေသူ(၆၇)ဦးရှိပြီး ကျေးရွာရှိ အထက်တန်းတက်ရောက်ဆဲကျောင်းသားဦးရေ(၇၁)ဦး(ဆယ်မိုင်ထခွဲ+မိုးညှင်းကဲ့သို့ ပြင်ပထွက်တက်ရောက်နေ သူ)ရှိသောကြောင့် ကျေးရွာ၏ အထက်တန်းနှင့် ကျောင်းပြီးသူဦးရေ (၁၇၄)ဦးရှိသည်။

ကျေးရွာအတွင်း အထက်တန်းအောင်ပြီးသူ(၈၆)ဦး၊ တက္ကသိုလ်တက်ရောက်နေဆဲ (၆၃)ဦး ရှိသောကြောင့် တစ်ရွာလုံး၏(၁၀)တန်းအောင်ပြီးကျောင်းထွက်သူ(၂၃)ဦးရှိသည်။

ကျေးရွာပြင်ပသို့ အခြေချသွားသူအပ ကျေးရွာတွင်း ဘွဲ့ရ ကျား(၁၆)ဦး၊မ(၂၈)ဦးရှိပြီး စုစုပေါင်း(၄၄)ဦးရှိသည်။

ကျောင်းတက်နေသူများနှင့်ကျောင်းပြီးသူများအပါအဝင် ကျေးရွာ၏ အခြေခံပညာ အထက်တန်းအဆင့်တွင်(၃၄၅)ဦး၊အထက်တန်းအောင်ပြီးသူ(၈၆)ဦး၊ဘွဲ့ရ(၄၄)ဦး၊စုစုပေါင်း (၄၇၅)ဦးရှိပြီး စုစုပေါင်းကျေးရွာလူဦးရေ၏(၁၇.၈၂)ရာခိုင်နှုန်းရှိသည်။ထို့ကြောင့် ကျွန်ုပ်တို့ ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့် ရှိကြောင်းတွေ့ရှိရပါသည်။သို့သော် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများ၌ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များ အလုပ်အကိုင်

အခွင့်အလမ်းနည်းပါးခြင်း၊ ခေတ်အဆက်ဆက်မှ ယနေ့ချိန်ထိ ဘုန်းကြီးကျောင်းပညာရေး အုပ်စုနှင့်အခြေခံပညာ မူလတန်း ပြီးမြောက်အုပ်စုမှ ရပ်ရေးရွာရေး၊အုပ်ချုပ်ရေးနှင့် ခေါင်းဆောင်မှုအပိုင်းတွင် အစဉ်တစိုက်ချုပ်ကိုင် ထားမှုကြောင့် ပညာရေးအဆင့်အတန်း အတော်အသင့်ရှိသော လူငယ်လူရွယ်များမှာ ရည်ရွယ်ချက်ရှိရှိ ချိုးနှိမ်ခံနေရခြင်း၊ တာဝန် မပေးခြင်း၊ အခွင့်အရေးအခွင့်အလမ်းများ ပိတ်ပင်တားဆီးမှုခံနေရခြင်း၊ အသိအမှတ် မပြုခြင်း၊မူဝါဒပိုင်(အယူအဆ)၌ တိုက်ခိုက်ခံနေရခြင်းများ ရှိနေဆဲဖြစ်ကြောင်းတွေ့ရသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ပညာရေးဆိုင်ရာ ကိန်းဂဏာန်းအချက်အလက်များအရ မူလတန်း၊အလယ်တန်းတွင် မ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် အနည်းငယ်လျော့နည်းပြီး အထက်တန်း၊ တက္ကသိုလ်နှင့်ဘွဲ့ရများတွင် အမျိုးသမီးဦးရေက ပိုများသည်။ထို့ကြောင့် ပညာသင်ကြားရေး အပိုင်း၌ အမျိုးသမီးများ အမျိုးသားများနှင့်တန်းတူ အခွင့်အရေးရကြသည်။

သို့သော်အချို့အလုပ်အကိုင်များနှင့်နေ့စားလုပ်ငန်းခွင်တွင် တစ်နေ့တာ ကုန်ဆုံးခြင်း၊ ခွန်အားစိုက်ထုတ်မှုတူသော်လည်း လုပ်ခလျော့ပေးခြင်းခံရလျက်ရှိသည်။ ရပ်ရေးရွာရေးကိစ္စ များ၌အမျိုးသမီးများပါဝင်နိုင်မှု အခွင့်အရေးမရှိပေ။တစ်ခေတ်တစ်ခါက ရှင်သန်ခဲ့သော မိခင် နှင့်ကလေး၊အမျိုးသမီးရေးရာအဖွဲ့များပင် အသက်မဝင် မှေးမှိန်လျက်ရှိသည်။ ရှမ်းနီစာပေ နှင့်ယဉ်ကျေးမှုအဖွဲ့၊လင်းလက်ကြယ် ကိုယ်ထူကိုယ်ထ ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့ တွင် အမျိုးသမီးများ အမျိုးသားများနှင့်တန်းတူ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ကျေးရွာ အတွင်း အမျိုးသမီးများလူကုန်ကူးခံရမှုမရှိပေ။

အိမ်ထောင်ရေးအကြမ်းဖက်မှုအနည်းငယ်တွေ့ရသည်။ရပ်မိရပ်ဖများ၊ကျေးရွာအုပ်ချုပ် ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးများပါဝင်မှု မရှိပေ။ကျားမတန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ၊ လူ့အခွင့်အရေးသင်တန်းများ၊ အမျိုးသမီး စွမ်းဆောင်ရည်မြှင့် သင်တန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှုနှင့် ကျေးရွာဖွံ့ဖြိုးမှုအတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

အလုပ်လုပ်နိုင်သောအမျိုးသားဦးရေ(၈၂၅)ဦး၊အမျိုးသမီးဦးရေ(၇၈)ဦးရှိသောကြောင့် အကယ်၍ ရပ်ရေးရွာရေးတွင် အမျိုးသမီးကဏ္ဍကို ပစ်ပယ်ထားပါက ကျေးရွာ၏ လုပ်သား အင်အား(၄၈.၆၃)ရာခိုင်နှုန်း ဆုံးရှုံးမည်ဖြစ်သည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် ဘာသာရေး၊ကျန်းမာရေး၊လူမှုရေး၊ယဉ်ကျေးမှုနှင့်စီးပွားရေးကို အခြေခံ

ထားသော အဖွဲ့အစည်းပေါင်းများစွာရှိသည်။ဘာသာရေးအဖွဲ့အစည်းတွင် ဂေါပကအဖွဲ့၊ သာကီနွယ်၊ ဓမ္မစကြာ အမျိုးသမီးဝတ်အဖွဲ့တို့ ပါဝင်ကြသည်။ဂေါပကအဖွဲ့တွင် အမျိုးသား အဖွဲ့ဝင်(၄၀)ဖြင့်ပါဝင်ဖွဲ့စည်းထားပြီးကျေးရွာတွင်ဘုရားတည်သောအလုပ်ကို ရွာသူရွာသား များနှင့်အတူ အဓိကဆောင်ရွက်သည်။ကျေးရွာ၏ ဘာသာ ရေးကိစ္စအဝဝကို ဂေါပကအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။ အခြားဘာသာရေးအဖွဲ့များကိုလည်း ယင်းအဖွဲ့က ကြီးကြပ်မှုရှိသည်။သာကီနွယ်အဖွဲ့တွင် ရဟန်းရှင်လူများပါဝင်ကြပြီး ကျား(၅၁)ဦး၊ မ(၁၁၃)ဦးရှိကာ ဘာသာရေးကို အခြေခံလျက် ပညာရေးတွင် ထူးချွန်ကျောင်းသား လူငယ် များကို ပံ့ပိုးမှုများပြုလုပ်သည်။ဓမ္မစကြာအမျိုးသမီးဝတ်အဖွဲ့တွင် အမျိုးသမီးများသာပါ ဝင်ကြပြီး ကျေးရွာအတွင်း အိမ်သစ်တက်၊အန္တရာယ်ကင်း၊ဝါတွင်းကာလ၌ အဖိတ်ဥပုသ်နေ့ တွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်သော အလုပ်ကို အဓိကလုပ်ဆောင်သည်။

ကျန်းမာရေးကို အခြေခံသော အဖွဲ့များမှာ ကြက်ခြေနီ လင်းလက်ကြယ်တို့ ပါဝင် သည်။ ကျေးရွာကြက်ခြေနီအသင်းမှာ ရွာတွင်းလုပ်ဆောင်မှုအနေဖြင့် အထူးမတွေ့ရဘဲ အချို့သောရွာတွင်းကာကွယ်ဆေးတိုက်လုပ်ငန်းတွင် တခါတရံဝိုင်းကူမှုရှိသည်။ အဖွဲ့အစည်း ခိုင်မာကျစ်လစ်မှုမရှိခြင်း၊ ကိုယ်ပိုင်ရပ်တည်မှုမရှိခြင်း၊လုပ်ဆောင်မှုအားနည်းခြင်းတို့ကြောင့် ကျေးရွာအတွင်း မထင်ရှားဘဲ အားနည်းလျက်ရှိသည်။လင်းလက်ကြယ် ကျန်းမာရေး အဖွဲ့ အစည်းမှာ HIV ရောဂါပိုးကူးစက်ခံ ထားရသော မကျန်းမာသည့် ပုဂ္ဂိုလ်များနှင့် ယင်းမိသားစု ဝင်များ၏ ကျန်းမာရေးနှင့်စားဝတ်နေရေးကို အကူအညီပေးလျှက်ရှိသောအဖွဲ့ဖြစ်သည်။ Positive ဝေဒနာရှင်များကိုယ်တိုင်နှင့် ကျေးရွာအတွင်း စေတနာရှင် ပုဂ္ဂိုလ်များပါဝင်ဖွဲ့စည်း ထားသည်။ဝေဒနာရှင်အချင်းချင်းကူညီစောင့်ရှောက် ခြင်း၊ဆေးဝါးထုတ်ပေးခြင်းများ ပြုလုပ် လျက်ရှိသည်။ကိုယ်ပိုင် ရန်ပုံငွေဖြင့် မတည်ထူထောင်ထားပြီး ယခုအခါအောင်မြင်သော အဖွဲ့ အစည်းတစ်ခုဖြစ်သည်။

ကျေးရွာ၏လူမှုရေးအဖွဲ့တွင်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက် ရေးအဖွဲ့၊ နာရေးအဖွဲ့ ၊လူမှုကူညီရေးအဖွဲ့နှင့် ကျေးရွာ လူငယ်မောင်မယ် (အပျိုလူပျို) အဖွဲ့တို့ပါဝင်သည်။ အမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့သည် အမျိုးသမီးများကိုယ်တိုင် ဦးဆောင်သော အမျိုးသမီးအဖွဲ့များဖြစ်ကြသည်။၂၀၁၀ မတိုင်မီ ကာလများ၌ ကျေးရွာအတွင်း အိမ်တွင်းအကြမ်းဖက်မှုများအပါအဝင် အမျိုးသမီး ကိစ္စရပ် များ၌ ပါဝင်ကိုင်တွယ်ဆောင်ရွက်မှုများရှိခဲ့ပြီး ယခုအခါ လုပ်ဆောင်မှုများမရှိတော့လို့ မေးမိန်လျက်ရှိသည်။

နာရေးအဖွဲ့တွင် အမျိုးသားအဖွဲ့ဝင်(၁၅)ဦးပါဝင်ကြပြီး ကျေးရွာမှ ရန်ပုံငွေဖြင့် မတည်ပေးထားသော အဖွဲ့တစ်ဖွဲ့ဖြစ်သည်။နာရေးအဖွဲ့ဝင်မှ ပုဂ္ဂိုလ်များသည် ဘာသာရေး အဖွဲ့ဖြစ်သော ဂေါပကအဖွဲ့ဝင်လူများဖြင့်ဖွဲ့စည်းထားသည်။ ကျေးရွာ၏ ကိစ္စများတွင် ဆွမ်းဆန် နှင့် ငွေခန့်ခွဲ ကောက်ခံပေးခြင်း၊ နာရေးမိသားစုဝင်အား ငွေထုတ်ချေးပေးခြင်းကို လုပ်ဆောင်သည်။နာရေးကိစ္စ ပြီးသည်နှင့်ထုတ်ချေးငွေအပါအဝင် သင်္ဂြိုလ်စရိတ်အဖြစ်ငွေ (၅၀၀၀)ကျပ်ကို နာရေး မိသားစုထံမှ ပြန်လည်ကောက်ခံလေ့ရှိသည်။ အဖွဲ့အစည်း၏ သက်တမ်း(၁၀)နှစ်ကျော်(၁၅)နှစ်ရှိလာသော်လည်းကျေးရွာနာရေးမိသားစုများအား သင်္ဂြိုလ်စရိတ်ထုတ်ချေးမှုမှလွဲ၍အခြားမည်သည့် ဝန်ဆောင်မှုမှ မရှိခဲ့ချေ။(၁၅)နှစ်တာကာလအတွင်း ကျေးရွာမှပံ့ပိုးမတည်ခဲ့သော ရန်ပုံငွေစာရင်းနှင့် အဖွဲ့၏လက်တွင်း လည်ပတ်နေသော ငွေစာရင်း ကို ကျေးရွာလူထုကိုရှင်းလင်းခြင်းမရှိသော ပွင့်လင်းမြင်သာမှုမရှိသည့် အဖွဲ့အဖြစ် ကျေးရွာသူရွာသားများအနေဖြင့် ရှုမြင်ကြသည်။

ကျေးရွာလူငယ်မောင်မယ်(အပျိုလူပျို)အဖွဲ့သည် ကျေးရွာအတွင်း အင်အားကောင်းသောအဖွဲ့အစည်းတစ်ခုဖြစ်သည်။အပျိုလူပျိုအဖွဲ့တွင်အဖွဲ့ဝင်(၄၀၀)ကျော်ပါဝင်ပြီး ဘိုးဘွားများ လက်ထက်မှစ၍ အစဉ်အဆက်ထိ လာခဲ့သော အဖွဲ့လည်းဖြစ်သည်။ဖွဲ့စည်းပုံအရ ကျစ်လစ်ခိုင်မာပြီး ကျေးရွာအတွင်းလုပ်ဆောင်မှုအကောင်းဆုံးအဖွဲ့လည်း ဖြစ်သည်။ ကျေးရွာ၏ သာရေး၊နာရေး၊ ဘာသာရေး၊လူမှုရေးကိစ္စအားလုံးတို့တွင် အဘက်ဘက်မှ ပါဝင်လုပ်ဆောင်ပေးသည်။လူငယ်မောင်မယ်အဖွဲ့တွင် ကျေးရွာအတွင်းအိမ်ထောင်မကျသေးသည့် အပျိုလူပျိုများ၊အခြေခံပညာအထက်တန်းပြီးမြောက်လူငယ်လူရွယ်များ၊ ဘွဲ့ရလူငယ်လူရွယ်များပါဝင်ပြီး ပညာအရည်အချင်း အမျိုးစုံပါဝင်သော အဖွဲ့ဖြစ်သည့်အလျောက် လုပ်ဆောင်မှုအရကျေးရွာမှ ထောက်ခံမှုအရဆုံးအဖွဲ့အစည်းကြီးတစ်ခုဖြစ်သည်။

လူမှုကူညီရေးအဖွဲ့သည်ကျေးရွာအတွင်းအရေးပေါ်လူနာများအားနီးစပ်ရာ သို့မဟုတ် အဆင်ပြေသော ဆေးရုံဆေးခန်းသို့ အချိန်မီ ပို့ဆောင်ပေးသော ကျန်းမာရေးအခြေပြု လူမှုအဖွဲ့အစည်းဖြစ်သည်။အသင်းအဖွဲ့ကို ကျေးရွာအတွင်း အဖွဲ့ဝင်ကျား(၂၅)ဦးဖြင့် ယာယီဖွဲ့စည်းထားသည်။ ကျေးရွာစေတနာရှင်များ၊ရပ်ရွာပံ့ပိုးမှုများဖြင့်အသင်းအဖွဲ့ပိုင် လူနာတင်ယာဉ်တစ်စီးထူထောင်ထားပြီး ကျေးရွာတွင်းမွေးလူနာများနှင့်အရေးပေါ်လူနာများကို ဆေးရုံဆေးခန်းသို့ အချိန်မီ ပို့ဆောင်ပေးခြင်းဖြင့် ကျေးရွာ၏လူမှုကျန်းမာရေး ကိစ္စရပ်များကို အားတက်သရောဆောင် ရွက်လျက်ရှိသော စေတနာရှင်အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ အသင်းအဖွဲ့၏

သက်တမ်းမှာ(၁)နှစ်ဝန်းကျင်သာရှိသေးသော်လည်းကိုယ်ကျိုးမပါဘဲကျေးရွာအပေါ် စေတနာထားဆောင်ရွက်ပေးမှုကြောင့် လတ်တလောအခြေအနေတွင် အောင်မြင်သော အဖွဲ့အစည်းဟုဆိုနိုင်ပါသည်။

ရှမ်းနီစာပေနှင့်ယဉ်ကျေးမှုအဖွဲ့သည်ရှမ်းနီ(တိုင်းလိုင်)လူမျိုးစု၏ စာပေနှင့်ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံသော အဖွဲ့အစည်းဖြစ်သည်။ကျေးရွာတွင် တစ်ခုတည်းသော စာပေ နှင့်ယဉ်ကျေးမှုအဖွဲ့ဖြစ်ပြီး ကာလအတန်ကာက တိမ်မြုပ်ပျောက်ကွယ်ခဲ့သော ရှမ်းနီလူမျိုးစုများ၏စာပေနှင့်ယဉ်ကျေးမှုများကို ပြန်လည်ဖော်ထုတ်လျက်ရှိသည်။ အမျိုးသား(၁၅)ဦး၊ အမျိုးသမီး(၂၀)ဖြင့် စတင်ဖွဲ့စည်းထားပြီး ယင်းအဖွဲ့တွင် အလုပ်အမှုဆောင်အဖွဲ့များ၊ရိုးရာအကအဖွဲ့များ၊ ရိုးရာစာပေ ပြန့်ပွားရေးအဖွဲ့များပါဝင်ပြီး ကျေးရွာတွင်း ရှမ်းနီလူမျိုးများ၏စာပေနှင့်ယဉ်ကျေးမှု ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်အစွမ်းကုန် ဆောင်ရွက်လျက်ရှိသည်။စာပေယဉ်ကျေးမှုအဖွဲ့ဝင်များလူငယ်မောင်မယ်အဖွဲ့မှဖြစ်ပြီး ကျေးရွာအုပ်ချုပ်ရေး၊ ရပ်ရွာဦးဆောင်လုပ်ငန်းများမှအပ ကျေးရွာတွင်လိုအပ်သည့်နေရာများတွင် အဖက်ဖက်မှ ပံ့ပိုးဆောင်ရွက်လျက်ရှိသည်။

ကျေးရွာတွင် စီးပွားရေးကို အခြေခံသောအဖွဲ့အစည်းအများအပြားရှိပြီး ဘွန်ဆိုင်း၊ ဆန်းသော်တာနှင့် အောင်ရတနာအဖွဲ့များမှာ လူသိများသော ပုဂ္ဂလိက ငွေစုငွေချေးအဖွဲ့များ ဖြစ်ကြသည်။ထို့ပြင် အမည်မဖော်သော ငွေစုငွေချေးများလည်း အများအပြားရှိကြသည်။ ဖော်ပြပါ ငွေချေးလုပ်ငန်းများ၏ အတိုးနှုန်းမှာ(၅)ကျပ်မှ(၁၀)အထိ ရှိကြပြီး အစိုးရ စိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးငွေ သည်အဆင်ပြေမှုရှိသော်လည်း မြေယာမဲ့ အိမ်ထောင်စု(၁၆၀)နှင့် ပုံစံ(၇)မရှိသော တောင်သူများအဖို့ ကန့်သတ်မှုရှိသောကြောင့် ယင်းအိမ်ထောင်စုများမှာ အတိုးနှုန်းမြင့်သော ပုဂ္ဂလိကချေးငွေလုပ်ငန်းများကိုသာဆက်လက်မှီခိုကြရသည်။ အကယ်၍ အစိုးရဝန်ကြီးဌာနမှ ဒေသတွင်း ချေးငွေလုပ်ငန်းများကို တရားဝင်မှတ်ပုံတင်ပေးပြီး အစိုးရ အတိုးနှုန်းနှင့်ကွာဟမှုမများသော အတိုးနှုန်း အဖြစ် ထိန်းညှိပေးခြင်းဖြင့်သော်လည်းကောင်း အစိုးရ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေး အတွက် ငွေကြေးဝန်ဆောင်မှုသစ်များ ချပေးခြင်းဖြင့်သော်လည်းကောင်း ပြုလုပ်ပေးမည်ဆိုပါက ကျေးရွာ၏ စီးပွားရေးအလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် အဖွဲ့အစည်းများ အလွန်ပေါများသော်လည်း အဖွဲ့အစည်းအများစုမှာ အသက်မဝင်ဘဲ တက်ကြွလှုပ်ရှားရှင်သန်နေသော အဖွဲ့များလည်း ကျေးရွာ၏

အောက်ခြေလုပ်ငန်းများတွင်သာ ဆောင်ရွက်နေကြပြီးကျေးရွာအာဏာပိုင်အဖွဲ့များ၊ ရပ်မိရပ်ဖများ၏ ထောက်ခံအားပေးမှုမရှိခြင်း၊ အုပ်စုဖွဲ့ခွဲခြားဆက်ဆံခြင်း၊ တာဝန်ခွဲဝေမှုမရှိခြင်း၊ တာဝန်ယူမှုမရှိခြင်း၊ပွင့်လင်းမြင်သာမှုမရှိခြင်း၊လူကြီးလူငယ်ခွဲခြားခြင်း၊ကျားမခွဲခြားဆက်ဆံခံရခြင်းတို့ကြောင့် ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးဘဲ ဖွံ့ဖြိုးမှုအားနည်းလျက်ရှိသည်။ ကျေးရွာဦးဆောင်အဖွဲ့အစည်းများဖြစ်ကြသောဂေါပက၊ ရပ်မိရပ်ဖ၊နာရေးနှင့် အုပ်ချုပ်ရေးအဖွဲ့များသည်အသက်အရွယ်အပိုင်းအခြားဖြင့်သော်လည်းကောင်း၊ပညာအရည်အချင်းအရသော်လည်းကောင်း အုပ်စုတစ်စုထဲမှဖြစ်ကြပြီးလူဦးရေနည်းသလောက် အဖွဲ့ဝင်စာရင်းမှာ ဖောင်းပွလျက်ရှိသည်။ ယင်းအုပ်စုများမှကျေးရွာ၏ဘာသာရေး၊ လူမှုရေး၊အုပ်ချုပ်ရေးနှင့် ကျေးရွာဖွံ့ဖြိုးရေး ဘတ်ဂျက်၊ ရန်ပုံငွေများကိုစာရင်းမရှိရောထွေးစွာကိုင်တွယ်ဆောင်ရွက်ကြသည်။ကျေးရွာတွင် ပညာရေးအသင့်အတင့်ရှိသော တက်ကြွသော လူငယ်လူရွယ်များ အမျိုးသမီးအုပ်စုများရှိသော်လည်း တာဝန်ခွဲဝေခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊မြေထောင်မြှောက်ခြင်း တစ်ကြိမ်တစ်ခါမျှ မရှိခဲ့ခြင်းကြောင့်ကျေးရွာမှာအဖက်ဖက်မှဖွံ့ဖြိုးမှုအားနည်းလျက်ရှိသည်။အကယ်၍ခွဲခြားဆက်ဆံခြင်းမရှိမဲ့ယင်းလူငယ်လူရွယ်များနှင့် အမျိုးသမီးအုပ်စုများအား ကျေးရွာ၏ အုပ်ချုပ်ရေးနှင့် ဦးဆောင်မှုအပိုင်းတွင် ပါဝင်ဆောင်ရွက်နိုင်စေရန် တာဝန်ခွဲဝေခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း အားဖြင့် ကျေးရွာပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်သည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စပါးကို အဓိကစိုက်ပျိုးကြပြီး မြေပဲကို သီးထပ်အဖြစ် အနည်းအကျဉ်း စိုက်ပျိုးကြသည်။ မိုးစပါး စိုက်ဧက(၂၁၀၅.၂၉)ရှိပြီး မိုးစပါး တစ်ဧကထွက်နှုန်းမှာ (၆၅)တင်းနှင့် မြေပဲ(၄.၅)တင်းနှုန်းထွက်သည်။လယ်စိုက်ပျိုးပြီးချိန်၌ နှမ်း(နှမ်းညို)များကို ယာခင်းများ၌ စိုက်ပျိုးကြသည်။ နှမ်းတစ်ဧက(၄.၅)တင်းနှုန်းထွက်ရှိသည်။ မိုးစပါးစိုက်တောင်သူအများစုမှာ နန့်ရင်းချောင်းမှရေကို ကိုယ်ထူကိုယ်ထသစ်ခက်ဆည်များဖြင့် ရေတင် စိုက်ပျိုးကြသည်။ အချို့မှာနန့်ရင်းချောင်း၏ လက်တက်များဖြစ်သော နန့်မန်ချောင်း၊ နန့်စန်မိန်းချောင်းနှင့်နန့်ပူချောင်းများမှရေတင်စိုက်ပျိုးကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ပံ့ပိုးမှုအားနည်းသည်။ စိုက်ပျိုးရေးသွင်းအားစုတွင် မျိုးကောင်းမျိုးသန့်ရရှိနိုင်မှု လက်လှမ်းစိုက်ပျိုးရေးအတွက် ချောင်းကြီးများကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် နှစ်စဉ်ပိတ်ပြီး ရေတင်စိုက်ပျိုးကြရသည်။ ကျေးရွာတွင် အစိုးရတည်ဆောက်သော ဆည်မရှိသေးပါ။ အကယ်၍ ဝန်ကြီးဌာနမှ အစုအဖွဲ့

ပိုင်ဆည်၊မြောင်းများကို တိုးချဲ့တည်ဆောက်နိုင်မည်ဆိုပါက ကျေးရွာ၏ လယ်စိုက်ဧကနှင့် အထွက်နှုန်းမှာ ပို၍တိုးတက်လာ နိုင်မည်ဖြစ်ပါသည်။

လက်ရှိ မိုးစပါး စိုက်ဧက(၂၁၀၅)ဧကတွင် ပုံစံ(၇)ကျပြီး လယ်မြေဧက(၁၈၂၈)ရှိပြီး ဖြစ်သောကြောင့်လက်ရှိစိုက်ပျိုးမြေဧက (၂၀၀)ကျော်မှာ ပုံစံ(၇)လိုအပ်နေကြောင်း တွေ့ရှိရ သည်။ ယင်းလယ်မြေဧက(၂၀၀)ကျော်တွင်ပါသော လယ်စိုက်တောင်သူများ လယ်ယာမြေ ပိုင်ဆိုင်ရေး၊ အစိုး ရစိုက်ပျိုးရေးဘဏ်ထုတ်ယူနိုင်ရေးအတွက် မြို့နယ်မြေစာရင်းဦးစီးဌာနမှ လယ်ယာမြေများကို ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လယ်မြေပိုင်ဆိုင်မှုပုံစံ(၇)ထုတ်ပေးခြင်းဖြင့် ကျေးရွာလယ်စိုက်တောင်သူများ၏ လူမှုဘဝ မြင့်တင်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခ ပိုမိုပေးမှာ အလုပ်သမားများ ငှားရမ်းရရှိနိုင်ကာ ကုန်ကျစရိတ်မြင့်မားသည်။

ကျေးရွာတွင်ဒေသဆိုင်ရာ မွေးမြူရေးတိရစ္ဆာန်များကိုသာ အဓိကမွေးမြူကြပြီး နွားမွေး သည့် အိမ်ထောင်စု(၁၉၃)စုရှိသည်။နွားကောင်ရေ စုစုပေါင်း(၁၄၄၃)ကောင်ရှိသည်။ တစ်ရွာ လုံး၏ ကျွဲကောင်ရေ စုစုပေါင်း(၁၁၁)ကောင်နှင့်ကျွဲမွေးသည့် အိမ်ထောင်စု(၂၀.၇၅)ရာခိုင်နှုန်း ရှိသည်။ကျွဲ နွားများကို လယ်ယာစိုက်ပျိုးရေးတွင် အသုံးပြုပြီး အများစုကို မိသားစုများ၏ စားဝတ်နေရေး၊ ပညာရေး၊ကျန်းမာရေး ကိစ္စရပ်များ၌ အသုံးပြုရန် ဝင်ငွေအတွက် မွေးမြူ ကြသည်။ ဝက်မွေးသည့်အိမ်ထောင်စု(၄၄.၆၇)ရာခိုင်နှုန်းနှင့်ကြက်မွေးသည့် အိမ်ထောင်စု (၄၇.၁၀)ရာခိုင်နှုန်းရှိသည်။ ဘဲမွေးမြူသည့် အိမ်ထောင်စုအနည်းအကျဉ်းသာရှိသည်။ ငါးမွေး သည့်အိမ်ထောင်စုတစ်ခုရှိပြီးငါးမွေးရေကန်(၀.၂၅)ဧကရှိသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ဒေသန္တရမွေးမြူရေးလုပ်ငန်းများသာ လုပ်ကိုင်ကြသည်။မိရိုး ဖလာအရ စိုက်ပျိုးရေး တစ်မျိုးတည်းကိုသာ အဓိကအားထားသောကြောင့်လည်းကောင်း၊ မွေးမြူရေးဆိုင်ရာ ဗဟုသုတ အားနည်းခြင်းကြောင့်လည်းကောင်း၊မွေးမြူရေးဝန်ကြီးဌာနမှ မွေးမြူရေးနည်းပညာနှင့်ဝန်ဆောင်မှု လက်လှမ်းမမီသောကြောင့်လည်းကောင်း စီးပွားရေး အရတွက်ခြေကိုက်ပြီးဝင်ငွေပိုမိုကောင်းမွန်သောမျိုးတိရစ္ဆာန်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင် မှုအားနည်းသည်။ လက်ရှိအခြေအနေတွင် ကျေးရွာတောင်သူအချို့ မျိုးတိရစ္ဆာန်မွေးမြူရေး

လုပ်ငန်းကို စိတ်ဝင်စားမှုရှိနေကြပြီး မိမိတို့၏ ပုဂ္ဂလိကပိုင်မြေကွက်များအပေါ်တွင် စမ်းသပ်မွေးမြူလိုသောဆန္ဒများ ရှိနေကြသည်။ သို့ဖြစ်ပါ၍ မွေးမြူရေးဝန်ကြီးဌာနမှ နည်းပညာ၊ မျိုးစိတ်များနှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများပံ့ပိုးပေးခြင်းဖြင့် ကျေးရွာလူထု၏ ဝမ်းစာဖူလုံမှု နှင့်အလုပ်အကိုင်ရှားပါးမှု ပြဿနာများကိုကူညီဖြေရှင်းပေးနိုင်သည်။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမြူ ထုတ်ကုန်လုပ်ငန်းမရှိပါ။အခြားဝင်ငွေရလုပ်ငန်းများမှာ ထင်းမီးသွေး၊ သယ်ယူပို့ဆောင်ရေး၊ဈေးရောင်း၊သစ်၊မြစ်ခြောက်၊အစိုးရဝန်ထမ်း၊ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း(ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)၊ လက်သမားလုပ်ငန်း၊ပန်းရံလုပ်ငန်း ငွေစုငွေချေးလုပ်ငန်းနှင့်နေ့စားလုပ်ငန်းတို့ဖြစ်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားကိုလိုက် လုပ်ကိုင်ကြရသည်။ လက်လုပ်လက်စား မိသားစုများမှာ ရာသီဥတုအခြေအနေနှင့်ပေါ်တွင်မူတည်ပြီးအချိန်ကာလအလျောက်လုပ်ငန်းအမျိုးအစားကို ပြောင်းလဲလုပ်ကိုင်ကြသည်။စိုက်ပျိုးရေး ရာသီချိန်တွင် ပုဂ္ဂလိက စိုက်ခင်းများမှ လက်လုပ်လက်စားများအားဈေးပြိုင်ပေးလုပ်သား ခေါ်ယူမှုကြောင့် လယ်စိုက်တောင်သူများအဖို့ လုပ်သားငှားရမ်းခကြီးမားခြင်း၊ လုပ်သားရှားပါးခြင်းများ ရှိသော်လည်း လက်လုပ်လက်စားများအတွက်အဆင်ပြေကြသည်။ကျန်အချိန်များတွင် အလုပ်အကိုင်ရှားပါးခြင်း၊ ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သူ (၆၀.၂၆)ရာခိုင်နှုန်းရှိပြီး ကျေးရွာအတွက် အရင်းအမြစ်အသင့်အတင့်ကောင်းသည်ဟုဆိုနိုင်သည်။မြို့ပေါ်တွင်သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကိုဝန်ဆောင်မှုပေးလျက်ရှိသည်။အပ်ချုပ်၊ဇာထိုးပန်းထိုး၊အလှပြင်၊မုန့်လုပ်နှင့် ချက်ပြုတ်နည်းသင်တန်းစသည့် အိမ်တွင်းမှုသင်တန်းများ၊ ကားမောင်းသင်တန်းများ၊ မော်တော်ဆိုင်ကယ်ပြင်၊ကားပြင်၊ဝပ်ရှော့ ကဲ့သို့သော စက်ပြင်သင်တန်းများ၊ ကွန်ပျူတာသင်တန်း၊ ကွန်ပျူတာနှင့်မိုဘိုင်းဖုန်းပြုပြင်ရေးသင်တန်းများ၊ဒိုင်နမို၊မော်တာစသော အီလက်ထရောနစ်ဆိုင်ရာပစ္စည်းများပြုပြင်ရေး သင်တန်းများ၊ လက်သမား၊ ပန်းရံစသော ဆောက်လုပ်ရေးသင်တန်းများဝန်ဆောင်မှုရှိသော်လည်း အချိန်ပေးနိုင်မှုအားနည်းခြင်း၊စားဝတ်နေရေး အခြေအနေကြောင့် ရွာသားအများစုသည် အဆိုပါသင်တန်းများကို တက်ရောက်နိုင်ခြင်းမရှိချေ။ ကျေးရွာတွင်းအခကြေးငွေဖြင့်ဖွင့်လှစ်သင်ကြားသော အပ်ချုပ်သင်တန်းအချို့ရှိပြီး အနည်းငယ်တက်ရောက်သင်ကြားကြသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် လယ်မြေများ၊စိုက်ခင်းများ၌ ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့်ဓါတုမြေသြဇာ သုံးစွဲမှုများပြားလာသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ကျေးရွာတွင် ချောင်းမြောင်းပေါများပြီး အိမ်ထောင်စုအများစုမှာချောင်းရေကိုချိုးရေအဖြစ်အသုံးပြုကြသည်။ချောင်းများအတွင်း ငါးဆေးခတ်ခြင်း၊ ငါးရှော့တိုက်ခြင်းများမကြာခဏ ပြုလုပ်လျက်ရှိကြသဖြင့် ရေထုညစ်ညမ်းမှုများ၊ ငါးမျိုးပြုန်းတီးမှုများ၊ ကျွဲနွားများ ရေကြောင့် အဆိပ်သင့်မှုများ ဖြစ်လာနိုင်ပါသည်။ စိုက်ပျိုးသီးနှံများပိုခြင်း၊ အထွက်နှုန်းကျဆင်းမှုများလည်း ဖြစ်ပေါ်လာနိုင်ပါသည်။စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ် အိတ်ခွံ၊ဗူးခွံ၊ပုလင်း ခွံများ စနစ်တကျ မစွန့်ပတ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ကျေးရွာသည် မြေမျက်နှာသွင်ပြင်အနေအထားအရ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ(၂၅၁)မီတာတွင် တည်ရှိပြီး မြစ်နှင့်ဝေးခြင်း၊မြို့နယ်အတွင်း အမြင့်ပိုင်း တစ်နေရာတွင်တည်ရှိခြင်းတို့ကြောင့် အခိုက်အတန့် ချောင်းရေကြီးခြင်းမှအပ ကျေးရွာကို ဆိုးရွားစွာ ထိခိုက်မှုမရှိပါ။ တောင်တန်းထူထပ်သောဒေသဖြစ်ခြင်း၊ ကုန်းတွင်းပိုင်းဖြစ်ခြင်းတို့ကြောင့် မုန်တိုင်းအန္တရာယ်နည်းပါးပြီး အားပျော့သော မုန်တိုင်းများသာ ဝင်ရောက်လေ့ရှိသည်။ ထိခိုက်မှု နည်းပါးသည်။ အခါးအားလျော်စွာ ကျရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝဘေးအန္တရာယ်အဖြစ်ရှိနေတတ်ပြီးစိုက်ပျိုးရေးလုပ်ငန်းအတွက်နှောင့်နှေးမှုဖြစ်ပေါ်စေသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည် အစိုးရစိုက်ပျိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်ကေတစ်သိန်းခွဲဖြင့်(၁၀)ကေအတွက်ချေးယူနိုင်သည်။အစိုးရစိုက်ပျိုးရေးဘဏ်၏ အတိုးနှုန်းမှာ(၇.၈)%ဖြစ်သည်။ကျေးရွာတွင် ပြင်ပမှလာရောက်ဖွဲ့စည်းပေးသော ပုဂ္ဂလိက ငွေစုငွေချေးများရှိသည်။ဘွန်ဆိုင်း၊ဆန်းသော်တာနှင့်အောင်ရတနာအဖွဲ့များသည်ကျေးရွာတွင် လူသိများသောလူသိများပြီးအဖွဲ့ဝင်အင်အားအသင့်အတင့်ရှိကြသည်။အချို့အဖွဲ့များသည် ငွေစုငွေချေးအဖွဲ့၏အဖွဲ့ဝင်အဖြစ်ဝင်ရောက်ပြီးမှ ငွေချေးနိုင်ပြီးမိမိ၏ ထုတ်ချေးငွေအပေါ် မိသားစုဝင်တစ်ဦးဦး သို့ မဟုတ်ဆွေးမျိုး၊မိတ်ဆွေတစ်ဦးထံမှ အာမခံပေးရသည်။ ငွေကြေးထုတ်ယူထားသူသည် အခက်အခဲတစ်စံတစ်ရာကြောင့် ချေးငွေပြန်လည် ပေးသွင်းမှုပျက်ကွက်ပါက ကျေးရွာအုပ်ချုပ်ရေးအာဏာပိုင်ဖြင့် ဖိအားပေးပြီး အိမ်၊ခြံမြေများကို စျေးဖြတ်ခြင်း၊ သိမ်းယူခြင်းများလည်းရှိသည်။ထို့ပြင် ကျေးရွာအတွင်း အမည်မဖော်သော ငွေတိုးချေးသည့် လုပ်ငန်း

များနှင့်စုကြေး(နေ့စဉ် အစုငွေထည့်ဝင်ပြီး လစဉ်အလှည့်ကျထုတ်ပေးသော)လုပ်ငန်း အများ အစားရှိသည်။ပုဂ္ဂလိကချေးငွေ၏အတိုးနှုန်းမှာ၁၀ကျပ်ဖြစ်ပြီးသတ်မှတ်ကာလမှာ(၆)လဖြစ် သည်။ အဖွဲ့အလိုက်ငွေစု/ငွေချေး(စုကြေး)လုပ်ငန်း တွင်အတိုးနှုန်း ၁၀%မှ ၁၅%အထိ ရှိကြ ပြီး သတ်မှတ်ကာလ(၁၀)လဖြစ်သည်။

ရွာသားအများစုသည် ချေးငွေကိုစားနပ်ရိက္ခာအတွက် အဓိကချေးယူကြပြီး ပညာရေး၊ ကျန်းမာရေးနှင့်ကျေးရွာအုပ်ချုပ်ရေးနှင့်ဘာသာရေးခွဲကြေး/ခွဲတန်းများအတွက်လည်း အသုံး ပြုရသည်။ ကျေးရွာတွင် အုပ်ချုပ်ရေးမှခန့်ခွဲသော ခွဲကြေး/ဘာသာရေးမှ ခန့်ခွဲသော ခွဲကြေးနှင့် လူမှုရေးကိုအခြေခံသော ခွဲကြေးစသဖြင့် ခွဲတန်းအလွန်များသည်။ကျေးရွာ၏ အဆင်မပြေသော အိမ်ထောင်စု (ဆင်းရဲ+အလွန်ဆင်းရဲ)များ၏ ကြွေးတင်မှု စစ်တမ်းအရ ၅သိန်းအထက်အကြွေးတင်သူ(၂၃.၂၆)%၊၅သိန်းအောက်အကြွေးတင်သူ(၅၂.၃၂)နှင့် အကြွေး မတင်ဘဲ လုပ်ကိုင်ရှာဖွေစားသောက်နိုင်သူ (၂၄.၄၂)% ရှိသည်။ကျေးရွာ၏ အကြွေးတင်မှု အခြေအနေကွာဟချက်များပြီး ကျပ်၂သောင်းမှ သိန်းတစ်ရာအထိရှိသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် ၆၀'၊၂၀'၊၁၄' အရွယ်အစားရှိသော သွပ်မိုး၊ပျဉ်ခင်း၊ပျဉ်ထောင် KG ကျောင်းဆောင်၊၉၀'၊၂၀'၊၁၄' အရွယ်အစားရှိ သွပ်မိုး၊ပျဉ်ခင်း၊ကွန်ကရစ်ခင်း၊အုတ်နံရံကာ နှစ်ထပ်မူလတန်း(ပင်မ)ကျောင်းဆောင်၊၁၃၀'၊၃၀'၊၂၄'အရွယ်ရှိသွပ်မိုး၊ပျဉ်ခင်း၊ ကွန်ကရစ်ခင်း၊ အုတ်နံရံကာ နှစ်ထပ်အလယ်တန်းကျောင်းဆောင်များရှိပြီး KG တန်းတွင်(၆၈)ဦး မူလတန်း (၂၆၆)ဦး၊အလယ်တန်း(၃၀၈)ဦးနှင့်အထက်တန်း(၆၇)ဦး၊စုစုပေါင်း ကျောင်းသားကျောင်းသူ (၇၀၉)ဦး တက်ရောက် ပညာသင်ကြားလျက်ရှိသည်။ အထက်တန်းကျောင်းသူကျောင်းသား များသည်ကျောင်းဆောင်မရှိသောကြောင့်အမိုးသာရှိပြီးအခင်းအကာမရှိသော ယာယီကျောင်း ဆောင်၌ခက်ခက်ခဲခဲတက်ရောက်ပညာသင်ကြားနေကြရသည်။(ကျေးရွာ၏ ကျောင်းသားဦး ရေနှင့် ပညာပြီးမြောက်မှု အခန်းကဏ္ဍကို အခန်း ၃(C ) တွင် အသေးစိတ်ဖော်ပြထားသည်။) ကျေးရွာတွင် ကျောင်းသားဦးရေများပြားခြင်း ကျေးရွာအနီးအမှတ်(၂၀၀၆) သံချပ်ကာ တပ်ရင်း၊အမှတ်(၃၆၇)အမြောက်တပ်ရင်း၊အောင်စိုးမိုးစစ်မှုထမ်းဟောင်းအိမ်ယာ နှင့်မြို့နယ် အကျဉ်းဦးစီးမိသားစုများမှ ကျောင်းသားများပါဝင် တက်ရောက်လျက်ရှိသောကြောင့် အဆောက်အဦများအတွင်း ကျပ်တည်းစွာ ပညာသင်ကြားကြရသည်။

ကျေးရွာတွင် ကျောင်းအုပ်ကြီးနေအိမ်လိုအပ်လျက်ရှိပြီး ဆရာ/မ များနေထိုင်သော ဝန်ထမ်း အိမ်ယာမှာလည်း လုံလောက်မှုမရှိသောကြောင့် ဆရာ/မအချို့ မိမိတို့ နေထိုင်ရာ ကျေးရွာ/ရပ်ကွက်များမှ နေ့စဉ်လာရောက် ပညာသင်ပေးကြရသည်။ကျောင်းသုံး ပရိဘောဂ များလည်း လိုအပ်မှုရှိသည်။ပညာရေးဆိုင်ရာ အခမ်းအနားများ၊ဟောပြောပွဲများ ပြုလုပ်

ရာတွင်ခန်းမဆောင်လည်းလိုအပ်လျက်ရှိသည်။အထက်တန်းကျောင်းဆောင်သစ် တစ်ဆောင်လည်းလိုအပ်သည်။

မူလတန်းကျောင်းတွင် ဆရာ/မ(၇)ဦးအလယ်တန်းတွင် (၁၅)ဦး၊ အထက်တန်းတွင် (၇)ဦးရှိပြီး၊အလယ်တန်းတွင်(၁၅)ဦး၊အထက်တန်းတွင်(၇)ဦးရှိပြီး မူပြ(၁)ဦး လစ်လပ်လျက်ရှိသည်။ လက်ရှိ ဆရာ၊ကျောင်းသား အချိုးမှာ မူလတန်းတွင် ၁ : ၃၈ ၊အလယ်တန်း ၁ :၂၁ နှင့်အထက်တန်း ၁ :၁၀ ဖြစ်သောကြောင့် ကျေးရွာတွင် ကျောင်းဆရာ/မ အင်အားလုံလောက်မှုရှိသည်။လွန်ခဲ့သောကျောင်းဖွင့်ရာသီ၌ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ 'မျှဝေခြင်း' အစီအစဉ်ဖြင့်ဆင်းရဲနွမ်းပါးသောမိသားစုဝင် ကျောင်းသား/သူ(၁၅၆)ဦးအတွက် ကျောင်းသုံးဗလာစာအုပ်(၁၅၆)ဒါဇင် အခမဲ့ပံ့ပိုးကူညီမှုရှိခဲ့သည်။

ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့်တာဝန်ကျသားဖွားဆရာမ (၁)ဦး ရှိသည်။ဆေးပေးခန်းတွင် ဆေးဝါးလိုအပ်မှုရှိသည်။ အသစ်ဆောက်လုပ်ပြီးစီးထားသောဆေးခန်းရှိသည်။ ဆောက်လုပ်ပြီးစီးမှု(၆)လခန့်ကြာခဲ့သော်လည်း ကျန်းမာရေးဝန်ထမ်း၊ ဆေးဝါးနှင့်ပရိဘောဂပစ္စည်းများချထားပေးခြင်းမရှိသေးပါ။ ကျေးရွာ၏ကျန်းမာရေး ဝန်ဆောင်မှုအားနည်းလျက်ရှိသည်။

ရေတွင်းပေါ်များသည်။ လက်နှိပ်တုံကင်၊ စက်တပ်ရေတွင်း(မော်တာတပ်)များရှိပြီးသောက်ရေအဖြစ် အသုံးပြုကြသည်။တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ အသုံးပြုကြပြီးယင်ကြောင့် ဆက်စပ်ဖြစ်တတ်သော ရောဂါများဖြစ်ပွားမှုနည်းပါးသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

ကျေးရွာတွင် လူငယ်များ အပန်းဖြေ အနားယူနိုင်သည့် နေရာမရှိပါ။ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု ရှိသော်လည်း အလုပ်အကိုင်ရှားပါးခြင်း၊စနစ်တကျ ပျိုးထောင်မှုလိုအပ်နေဖြင်း၊လူငယ်စွမ်းဆောင်ရည်မြှင့်သင်တန်းများလက်လှမ်းမမှီခြင်း၊ ကျေးရွာဦးဆောင်မှုအပိုင်းတွင်မပါဝင်နိုင်ခြင်း၊ ကိုယ်တိုင်ဦးဆောင်မှုအပေါ်ယုံကြည်မှုမရှိခြင်း၊ ကြောက်ရွံ့အားငယ်တတ်ခြင်း၊ တာဝန်ယူမှုအားနည်းခြင်း၊ မပွင့်လင့်ခြင်းတို့ကြောင့် လူငယ်၏ အခန်းကဏ္ဍသည်မှေးမှိန်လျက်ရှိသည်။လူငယ်ဦးဆောင်ပြုလုပ်သောရိုးရာပွဲများ မရှိသလောက်ပင်။ ကျေးရွာတွင် အစဉ်အဆက်က လုပ်ဆောင်ထိန်းသိမ်းလာခဲ့ကြသော အချို့ရိုးရာ ယဉ်ကျေးမှုအစဉ်အလာများ အယူသည်းရှေးရိုးစွဲ ကျေးရွာဦးဆောင်မှုများအချို့ကြောင့် ပျောက်ကွယ်မှုများရှိခဲ့။ သာဓက တစ်ခုအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာသည် ဗုဒ္ဓဘာသာကို ကိုးကွယ် ယုံကြည်ကြသည့်အလျောက်ဘာသာရေးပွဲတော်များကိုတစ်ရွာလုံး သိုက်သိုက်မြိုက်မြိုက် ပါဝင်ဆင်နွှဲခဲ့ကြသည်။ဗြောသံ၊စည်သံ၊အိုးစည်၊ဒိုးပတ်သံများဖြင့် လူကြီး၊လူငယ် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ရှင်ပြုမင်္ဂလာ၊ကထိန်၊သီတင်းကျွတ်ပွဲတော်၊သင်္ကြန်ပွဲတော်များတွင် ရပ်ထဲရွာထဲ ဘုန်းကြီးကျောင်းဝင်းထဲ၊ ခြိမ့်ခြိမ့်သဲ စည်ကားခဲ့သည်။နောက်ပိုင်းတွင် ယင်း မြန်မာ့ရိုးရာ တူရိယာများ

ပွဲလမ်းသဘင်များ၌ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း တီးမှုတ်ခြင်းကို ကန့်သတ်မှုများ ရှိခဲ့သည်။ ရှင်လောင်းလှည့်၊ကထိန်လှည့်ပွဲများတွင်ပြောအဖွဲ့၊အိုးစည်ဒိုးပတ်အဖွဲ့တို့ ရွာတွင်း၌ တီးမှုတ်ပါဝင်လှည့်လည်ခဲ့ကြသော်လည်း ဘုန်းကြီးကျောင်းပေါက်ဝရောက်သောအခါ ပြောအဖွဲ့၊ အငြိမ့်ကားအဖွဲ့သာ ကျောင်းဝင်းထဲ ဝင်ရောက်ခွင့်ပြုပြီး လူငယ်များ၏ အိုးစည်၊ ဒိုးပတ်အဖွဲ့ကိုကျောင်းဝင်းအတွင် အဝင်မခံဘဲ မောင်းထုတ်မှုများရှိခဲ့သည်။ မြန်မာ့ယဉ်ကျေးမှုရိုးရာအမွေအနှစ်ကို တန်ဖိုးထားရကောင်းမှန်းမသိခြင်း၊ လူငယ်တို့၏ အခန်းကဏ္ဍကို ပစ်ပယ်ခြင်းများရှိခဲ့သည်။ ထိုအချိန်မှစ၍ ကျေးရွာ၏ အလှူပွဲများတွင် အိုးစည်၊ ဒိုးပတ်တူရိယာတီးမှုတ်ခြင်းဆိတ်သုန်းခဲ့သည်။အငြိမ့်အဖွဲ့ထိန်းသိမ်းမှုအားနည်း၍ ပျက်စီးခဲ့ရသည်။ ပြောအဖွဲ့ လော်စပီကာဖြင့် အော်မှ ကျောင်းသို့ရောက်သည်။ထိုနည်းတူ ကျေးရွာ၏ အခြားရိုးရာယဉ်ကျေးမှု အစဉ်အလာ ကောင်းများ အများအပြား တိမ်မြုပ် ပျောက်ကွက်ခဲ့ရသည်။

လူငယ်များကျေးရွာ၏ လူမှုရေး၊ဘာသာရေး၌ အထိုက်အလျောက်သာပါဝင်မှုရှိသည်။ ကိုယ်တိုင်ဦးဆောင်ပါဝင်မှုမရှိဘဲ မိမိကိုယ်ကို ယုံကြည်မှုအားနည်းသည်။ကျေးရွာတွင်းအားလုံးနီး ပါးသည် ရှမ်းနီ(တိုင်းလိုင်)တိုင်းရင်းသာ များဖြစ်ကြသည်။ကာလအတန်ကြာကြာ တိမ်မြုပ်ပျောက်ကွယ်ခဲ့သော တိုင်းရင်းသားဘာသာစကားနှင့်စာပေမှုကို ပြန်လည်တိုးတက်ပြန့်ပွားလာနိုင်စေရန်လူငယ်များမှပါဝင်ကြိုးပမ်းလျက်ရှိသည်။ရှမ်းနီစာပေနှင့်ဘာသာစကားကို ကျေးရွာလူငယ်များကိုယ်တိုင် ပါဝင်သင်ကြားမှု ၊ပြန်လည်ပို့ချမှုများရှိသည်။

ကျေးရွာအတွင်းလူကြီးလူငယ်မူဝါဒအားပြိုင်မှု၊ကျားမ ခွဲခြားမှုများရှိသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်လူငယ်များ စိတ်ဝင်စားမှုရှိကြသည်။ လူမှုရေးနှင့် ဘာသာရေးတွင်အတူတကွပူးပေါင်းဆောင်ရွက်ကြသည်။လူငယ် အုပ်စုအတွင်း လူမျိုးရေးနှင့် အမျိုးသားရေးကွဲပြားစွာ သိမြင်နိုင်မှုအားနည်းခြင်းကြောင့် အမျိုးသားရေးအုပ်စုနှင့် လူမျိုးရေးအုပ်စု အားပြိုင်မှုရှိနေသည်။ယုံကြည် ချက်နှင့်ရပ်တည်ချက် ကွဲပြားမှုရှိသည်။

ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း ကျေးရွာလူငယ်များ စာဖတ်သော အလေ့အထအားနည်းသည်။ဖုန်း၊အင်တာနက်နှင့်လူမှုကွန်ယက်ကို အသုံးပြုမှုများသည်။ စက်ရုံအလုပ်ရုံမရှိခြင်း၊ အခြေခံပညာအားနည်းခြင်း၊ကျေးရွာ၏ အခြေခံစီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းမှုအားနည်းခြင်း၊ကျွမ်းကျင်ပညာရပ်များ တတ်မြောက်မှု မရှိခြင်းတို့ကြောင့် လူငယ်လူတန်းစားအုပ်စုအတွင်း အလုပ်အကိုင် အခွင့်အလမ်းရှားပါးမှုပမာဏကြီးမားသည်။

ကျေးရွာလူငယ်ထုအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှု ပြဿနာစိမ့်ဝင်လျက်ရှိပြီး လူငယ်အချို့ မူးယစ်ဆေးဝါး၏ သားကောင်များဖြစ်ကြရသည်။ အချို့မှာ မူးယစ်ဆေးဝါးကြောင့် ပြစ်မှုကျခံနေကြရသည်။သို့ဖြစ်၍ ကျေးရွာ၏အနာဂတ်ခေါင်းဆောင်များဖြစ်ကြသော လူငယ်လူရွယ်များ၏ခံယူချက်၊ရပ်တည်ချက်များ၊အခြေခံပညာနှင့် ကျွမ်းကျင်ပညာရပ်များ၊အလုပ်

အကိုင်အခွင့် အလမ်းများနှင့်အကျင့်စာရိတ္တများပိုမိုကောင်းမွန်လာစေရန်ဘက်ပေါင်းစုံမှပြုစု ပျိုးထောင်ထိန်းသိမ်းပေးရန် အထူးလိုအပ်လျက်ရှိသည်။ လူငယ်များ အသိပညာဖွံ့ဖြိုးရေး၊ စွမ်းဆောင်မှုစွမ်းရည်မြှင့်တင်ပေးရေး အတွက် လူငယ်စွမ်းဆောင်ရည် မြှင့်သင်တန်းများ အခါအားလျော်စွာ ဖွင့်လှစ်ပေးခြင်း၊အသိပညာ ပေးဟောပြောပွဲများနှစ်စဉ်ပြုလုပ်ပေးရန် လိုအပ်သည်။လူငယ်များအတွင်း စာဖတ်တတ်သော အလေ့အထထွန်းကား လာစေရန်နှင့် စာပေချစ်မြတ်နိုးတတ်သော အကျင့်ကောင်းများဖြစ်ထွန်း ပေါ်ပေါက်လာစေရန် ဝန်ကြီးဌာန များမှ အထောက်အပံ့ကောင်းများ၊ဝန်ဆောင်မှုများ လိုအပ်နေပါသည်။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် နိုင်ငံတော်အဆင့်မှ ဆောင်ရွက်ပေးရန် အထူးလိုအပ်ပြီး ပြန်လည် ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊အလုပ်အကိုင်သင်တန်းများ(အခမဲ့) ဝန်ဆောင် မှုပေးခြင်းဖြင့် လူငယ်နှင့်ကျေးရွာ၏ အနာဂတ်ကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေး နိုင်သည်။

**(ဇ) အခြေခံ အဆောက်အဦး – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာသည် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်တည်ရှိပြီး မြို့နယ် အတွင်း အခြားကျေးရွာ/ရပ်ကွက်များသို့ ကား၊ဆိုင်ကယ်တို့ဖြင့် အလွယ်တကူ ဆက်သွယ် သွားလာနိုင်သည်။ ကျေးရွာတွင်းရှိ လမ်းအားလုံးမှာ မြေသားလမ်းများ ဖြစ်ကြပြီး ရွာတွင်း လမ်းအရှည်စုစုပေါင်း(၅)မိုင်ခန့်ရှည်လျားသည်။ပွင့်လင်းရာသီတွင် ကား၊ဆိုင်ကယ်၊ထော်လာဂျီ များသွားလာရလွယ်ကူပြီးမိုးအခါ၌ရွှံ့နွံ့ဗွက်များပေါများပြီးသွားလာရခက်ခဲသည်။ အခြားဒေသ များနှင့် ကုန်သွယ်ရေးအတွက် ရေကြောင်း၊ မီးရထားမရှိသောကြောင့် ကား၊ထော်လာဂျီနှင့် ဆိုင်ကယ်များကိုသာ အသုံးပြုကြသည်။ကျေးရွာတွင် ကား(လိုက်ထရပ်၊အိမ်စီး၊ လေးလုံးထိုး အင်ဂျင်တပ်ကုန်တင်ယာဉ်)(၃၆)စီး၊ထော်လာဂျီ(၆၂)စီး၊ဆိုင်ကယ်(၆၀၃)စီးနှင့် စက်ဘီး(၂၇) စီးကိုအသုံးပြုလျက်ရှိသည်။

ကျေးရွာတွင် မဟာဓါတ်အားလိုင်းအသုံးပြုသူ(၁၇၄)အိမ်ထောင်စုရှိပြီး တစ်ရွာလုံး၏ ဓါတ် အားလိုင်းအသုံးပြုသူ(၃၂.၅၂)ရာခိုင်နှုန်းရှိသည်။ဆိုလာသုံးသည့် အိမ်ထောင်စု(၁၇၄)စု၊ မီးစက်သုံး သည့် အိမ်ထောင်စု(၄)စုနှင့်ဖယောင်းတိုင် သုံးသည့် အိမ်ထောင်စု(၇၁)စုရှိသည်။

ကျေးရွာတွင် မဟာဓါတ်အားလိုင်းတပ်ဆင်ရန် ၂၀၁၁ ခုနှစ်မှစ၍ ကိုယ်ထူကိုယ်ထ စနစ်ဖြင့် မီးတိုင်များ ဝယ်ယူစုဆောင်းကြသည်။မီးတိုင်စိုက်ထူခြင်းကို ၂၀၁၆ မေလခန့်တွင် ပြုလုပ်ခဲ့ကြပြီးဇွန်လမှစတင်၍ကျေးရွာတွင်လျှပ်စစ်ဓါတ်အားလိုင်းကို စတင်သုံးစွဲခဲ့ကြသည်။ ကျေးရွာတွင် တယ်လီနော တာဝါတိုင် စိုက်ထူထားရှိပြီး ဖုန်း၊အင်တာနက်၊လူမှုကွန်ယက်များ ကို ကောင်းစွာအသုံးပြုနိုင်သည်။

ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း စာဖတ်သော အလေ့အထမရှိသောကြောင့် အချိန်ပြည့် ပိတ်ထားသည်။ မြို့နှင့်(၁၀)မိုင်ကွာဝေးပြီး ကျေးရွာတွင် စာပေတိုက်၊ အရောင်းကိုယ်စားလှယ်လည်းမရှိပါ။ ထို့ကြောင့် ကျေးရွာလူထုသည် စာပေနှင့်ဝေးပြီး အသိဉာဏ်ဖွံ့ဖြိုးမှုနည်းပါးသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ခိုးမှု၊အိမ်တွင်းအကြမ်းဖက်မှု အနည်းအကျဉ်းဖြစ်လေ့ရှိသည်။ရပ်/ကျေးအုပ်ချုပ်ရေးမှူးရုံးကို အချိန်ပြည့်ပိတ်ထားလေ့ရှိပြီး အမှုကိစ္စအများစုကို အုပ်ချုပ်ရေးမှူးနေအိမ်တွင်သာဆုံးဖြတ်လေ့ရှိသည်။ အုပ်ချုပ်ရေးမှူးရုံးကို လူကြီးခရီးစဉ်ရှိချိန်တွင်သာကြိုတင်၍ ဖွင့်ထားတတ်သည်။ ရုံးဖုန်းမရှိပါ။ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းမှာ မကြာခဏဆိုသလို ပြောင်းလဲနေတတ် သဖြင့် ကျေးရွာတွင် ဖုန်းလိုင်းဆက်သွယ်မှု ကောင်းသောလည်း ကျေးရွာလူထုတည်ငြိမ်အေးချမ်းရေးနှင့် ဘေးကင်းလုံခြုံမှု အားနည်းသည်။ မြို့နယ်ရဲစခန်းများနှင့်ချိတ်ဆက်နိုင်ခြင်းမရှိပါ။ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် အစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိချေ။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ကျေးရွာတွင်အထက်တန်း(လက်ရှိကျောင်းနေ+အထက်တန်းနှင့်ကျောင်းပြီးသူ(၁၇၄) ဦး၊ တက္ကသိုလ်တက်ဆဲ(၆၃)ဦး၊ဆယ်တန်းအောင်ပြီး ကျောင်းပြီးသူ (၂၃)ဦး၊ ဘွဲ့ရ(၄၄)ဦး (ကျေးရွာအတွင်း)ရှိပြီး ကျေးရွာလူဦးရေ၏(၆၀.၂၆)ရာခိုင်နှုန်းမှာ အလုပ်လုပ်နိုင်သည့်အရွယ်များဖြစ်ကြသည်။ ဘွဲ့ရပညာတတ်များနှင့်လူငယ်လူရွယ်များကို စွမ်းဆောင်ရည်မြှင့်သင်တန်းများ၊အသိပညာပေးဟောပြောပွဲများ၊ကျွမ်းကျင်မှုနှင့်သက်မွေးဝမ်းကြောင်းသင်တန်းများဖွင့်လှစ်ပြီးလေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များ တိုးတက်ကောင်းမွန်လာစေမည်ဖြစ်သည်။

စီမံအုပ်ချုပ်မှုစနစ်ပိုမိုကောင်းမွန်လာစေရေးအတွက်ကျေးရွာ၏ရပ်/ကျေးအုပ်ချုပ်ရေးမှူးကောင်းတစ်ဦးထပ်မံရွေးချယ်နိုင်သည်။ကျေးရွာတွင် ဖွံ့ဖြိုးရေးအတွက် အမြင်ရှိသော လူငယ်ပညာတတ်များရှိပြီးအကျင့် စာရိတ္တ၊ပညာအရည်အချင်း၊ပွင့်လင်းမြင်သာမှုနှင့် သမာသမတ်ကျမှုတို့ကို အခြေခံ၍ ကျေးရွာလူထုကိုယ်တိုင် ရွေးချယ်သောစနစ်ကို ကျင့်သုံးခြင်းဖြင့်

ကျေးရွာက သဘောကျသော၊ကျေးရွာ၏ ပညာရေး၊စီးပွားရေး၊လူမှုရေးနှင့် ဖွံ့ဖြိုးမှုအားနည်းနေသော အခြားကဏ္ဍများကိုလည်း ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည်။

ကျေးရွာတွင်မြေလွတ်၊မြေလတ်၊မြေရိုင်းများရှိသည်။စိုက်ပျိုးရန်လယ်မြေဧက(၂၀၀၀) ကျော် နှင့်ယာမြေဧက(၁၅၀)ခန့်နှင့်ဥယာဉ်ခြံမြေ(၁၀၀၀)ကျော်ရှိသည်။ချောင်းမြောင်းများပေါများပြီး စိုက်ပျိုးရန်အတွက် သင့်တင့်သော မြေဆီမြေသြဇာရှိသည်။လယ်ယာလုပ်ငန်းကို အဓိက လုပ်ကိုင် သောကြောင့် ကျေးရွာမှ စပါးအဓိကထွက်ရှိသည်။ကျေးရွာအနီးတဝိုက်တွင် ကျောက်ပြားနှင့် စလင်းထွက်ပြီး တနိုင်တပိုင်လုပ်ကိုင်နိုင်သည်။ ကျေးရွာနှင့်မနီးမဝေး၌ ရွှေလုပ်ကွက်များရှိပြီး ရွာသားအချို့ ရွှေလုပ်ငန်းလုပ်ကိုင်လျက်ရှိသည်။ ရွှေလုပ်ငန်းများမှ စွန့်ပစ်သောသဲ၊ကျောက်အများအပြားရှိပြီးကျေးရွာအတွင်းလိုအပ်သောလမ်းတံတား၊ကျောင်းနှင့်အခြားလူမှုအဆောက်အဦများအတွက် အသုံးပြုရန်လွယ်ကူသည်။စာသင်ကျောင်းဝင်းမှာ ကျယ်ပြန့်ပြီး မြေနေရာအလွတ်များ ရှိသည့်အတွက် ဟောခန်း(ခန်းမ)၊ ကျောင်းအုပ်ကြီးနေအိမ်နှင့် ဆရာ/မများနေရန် ဝန်ထမ်းဆောင်များ ဆောက်လုပ်ရန် အဆင်မြေသည်။ မြေလွတ်၊မြေရိုင်းနှင့်လွင်ပြင် ပေါများ၍ စားကျက်မြေများ ဖော်ဆောင်နိုင်သည်။

ကျေးရွာတွင်တောင်သူများအတွက် အစိုးရစိုက်ပျိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများနှစ်စဉ်ထုတ်ချေးပေးသည်။ဒေသတွင်းချေးငွေလုပ်ငန်းများမှလည်း ငွေထုတ်ချေးနိုင်သည်။ တောတောင်များမှ ထင်း၊မီးသွေး၊သစ်များ ထုတ်ယူနိုင်ပြီး အချို့စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ကြသည်။

ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပြီး သားဖွားဆရာမ တစ်ဦးရှိသည်။ ကျေးရွာတွင် ဆောက်လုပ်ပြီးစီးထားသောဆေးခန်းရှိသည်။ဆေးခန်း၌ လိုအပ်သော ဆေးဝါးများ၊ ပရိဘောဂနှင့် ဝန်ထမ်းများကို အလုံအလောက်ချထားပေးခြင်းဖြင့် ကျေးရွာသူရွာသားများ၏ ကျန်းမာရေးကို အပြည့်အဝစောင့်ရှောက်ပေးနိုင်မည် ဖြစ်သည်။ကျေးရွာတွင် တက်ကြွသော အမျိုးသမီးများ၊ဘွဲ့ရပညာတတ်အမျိုးသမီးများ၊အမျိုးသမီးရေးရာအဖွဲ့အစည်းများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့အစည်းများရှိပြီး ယင်းအမျိုးသမီးများအား စွမ်းရည်မြှင့်သင်တန်းများကျွမ်းကျင်မှုနှင့် သက်မွေးသင်တန်းများဖွင့်လှစ်ပြီး လေ့ကျင့်သင်ကြားပေးခြင်းဖြင့် ကျေးရွာ၏အမျိုးသမီးကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာနိုင်သည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိလယ်မြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သော်လည်း သွင်းအားစုများလက်လှမ်းမီမှုအားနည်းသည်။ပုံစံ(၇) မရသေးသော လယ်မြေဧက(၂၀၀)ကျော် ကျန်ရှိနေပြီး ယင်းလယ်မြေများ လုပ်ကိုင်သည့် တောင်သူများ၏ လယ်မြေပိုင်ဆိုင်နိုင်မှုနှင့် စိုက်ပျိုးစရိတ်ချေးငွေထုတ်ယူနိုင်မှုအတွက်၎င်းတို့၏လယ်မြေများနှင့်ဆက်စပ်လျက်ရှိသော ပုဂ္ဂလိက

ပိုင်မြေကွက်များ၊ အစုအဖွဲ့ပိုင် မြေကွက်များနှင့် စစ်တပ်ပိုင်မြေကွက်များ၏ နယ်နမိတ်များကိုအတိအကျစိစစ်ပြီးရသင့်ရထိုက်သူများကို ပုံစံ(၇)ပြုလုပ်ပေးရန်လိုအပ်သည်။ စိုက်ပျိုးရေးဆိုင်ရာဗဟုသုတအတွက် အသိပညာပေးဟောပြောပွဲများ လိုအပ်သည်။ စိုက်ပျိုးရေးအတွက် ချောင်းများမှကိုယ်ထူကိုယ်ထ ဆည်များဖြင့် ရေတင်စိုက်ပျိုးရသောကြောင့် အချိန်နှင့်ငွေကြေးအရင်းအနှီးများသည်။

ကျွဲ၊နွား၊ဝက်၊ကြက်၊ဘဲ စသည်တို့ကို မွေးမြူကြသော်လည်း မွေးမြူရေး တိရစ္ဆာန်မျိုးများမရှိပါ။ကျေးရွာတွင်တရားမဝင်အလွန်အကျွံသစ်ထုတ်နေကြပြီး ကျေးရွာအာဏာပိုင်များ၊ သစ်တောဦးစီးဌာနများမှ အရေးယူကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိသေးပါ။

ကျေးရွာတွင် ရွာတွင်းလမ်းအရှည်အားလုံးမှာ မြေသားလမ်းများဖြစ်ကြသည်။ မိုးအခါ၌ ဗွက်၊ နွံ့ထူထပ်ပြီး ပွင့်လင်းရာသီတွင်သာ ကား၊ဆိုင်ကယ်နှင့်စက်ဘီးများ ကောင်းစွာသွားလာအသုံးပြုနိုင်သည်။စာသင်ကျောင်းသည်ရွာ၏တောင်ဘက်တွင်တည်ရှိသောကြောင့် ကျောင်းနေကလေး သူငယ်များ ခက်ခဲစွာ သွားလာကြရသည်။ကျေးရွာတွင် သဲ၊ကျောက်၊ကား၊ထော်လာဂျီ၊လုပ်အား အများအပြားရှိ၍ ကွန်ကရစ်လမ်းအဖြစ်ပြုလုပ်ရန်အဆင်ပြေသည်။ကျေးရွာ ထ.ခွဲကျောင်းတွင် မူ၊ လယ်၊ထက် ကျောင်းသားဦးရေ(၇၀၀)ကျော်အတွက် ထ.ခွဲကျောင်းဆောင်သစ်၊ကျောင်းအုပ်ကြီးနေအိမ်၊ဝန်ထမ်းအိမ်ယာနှင့်ခန်းမဆောင် (Hall)များလည်း လိုအပ်လျက်ရှိသည်။သဲ၊ကျောက် လွယ်ကူပြီး ပေါများစွာ ရရှိနိုင်သည်။ စက်၊ယန္တရား၊ငွေကြေး၊နည်းပညာနှင့် ခွင့်ပြုချက်များ လိုအပ်သည်။

ကျေးရွာတွင် ပုဂ္ဂလိကဘဏ်များမှ ဝန်ဆောင်မှုလုပ်ငန်းကို ရယူမှုမရှိချေ။အစိုးရစိုက်ပျိုးရေးဘဏ်နှင့်ဒေသတွင်းငွေစုငွေချေးလုပ်ငန်းများကိုသာအားထားကြရသည်။ အစိုးရစိုက်ပျိုးရေးဘဏ်အပါအဝင် ပြင်ပချေးငွေလုပ်ငန်းအားလုံးသည် ပုံစံ(၇)၊အိမ်ခြံမြေနှင့် အခြားပစ္စည်းများ၊ဆွေမျိုး(သို့)အသိမိတ်ဆွေတစ်ဦးဦး၏အာမခံဖြင့်ထုတ်ယူကြရသည်။ကျေးရွာတွင်း ငွေစုငွေချေးလုပ်ငန်းအများစုသည် လိုင်စင်မဲ့များဖြစ်ကြပြီး အတိုးနှုန်းမြင့်မားကြသည်။ ထို့ကြောင့် ကျေးရွာတွင် ငွေစုငွေချေးလုပ်ငန်းများသည် ရွာသူရွာသားများ၏ အပ်နှံငွေနှင့် အာမခံ ပစ္စည်းများအပေါ် အာမခံနိုင်မှုအားနည်းသည်။

ကျေးရွာတွင် တက်ကြွသော အမျိုးသမီးများ၊ ဘွဲ့ရပညာတတ်အမျိုးသမီးများ၊ အမျိုးသမီးများဆိုင်ရာ အဖွဲ့အစည်းများရှိသော်လည်း ကျေးရွာအုပ်ချုပ်သူ၊ ဦးဆောင်အဖွဲ့အစည်းများ၏ အသိ အမှတ်မပြုခြင်း၊ တာဝန်ခွဲဝေမှုမရှိခြင်းနှင့် ပွင့်လင်းမြင်သာမှုအားနည်းခြင်းတို့ကြောင့် အမျိုးသမီးကဏ္ဍများမှာ မှေးမှန်လျက်ရှိသည်။စာကြည့်တိုက်ရှိသော်လည်း စာဖတ်တတ်သော အလေ့အထအားနည်းပြီး စာဖတ်သူမရှိ၍ ပိတ်သိမ်းထားရသည်။ ကျေးရွာလူငယ်များစာဖတ်ခြင်းအားနည်းသည်။ မိမိတို့တိုင်းရင်းသား အရေး တက်ကြွကြသော်လည်းအခြေခံဗဟုသုတအားနည်းသဖြင့် လူမျိုးရေးနှင့် အမျိုးသားရေးကို မကွဲမပြားရှိ

သည်။ ကျေးရွာတွင်းလူငယ်များ ၊အမျိုးသမီးများသည် ဟောပြောပွဲများ၊သင်တန်းများနှင့် ထိတွေ့မှုနည်းပါးသည်။လူမှုကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ ကျေးရွာလူငယ်လူရွယ်များ၊ အမျိုးသမီးများကို စွမ်းရည်မြှင့်သင်တန်းများ၊ လူ့အခွင့်အရေးသင်တန်းများ၊ အမျိုးသမီးဆိုင်ရာ သင်တန်းများ ၊စာပေဟောပြောပွဲများ၊ကျွမ်းကျင်မှုနှင့်အလုပ်အကိုင်သင်တန်းများအဆက်မပြတ် ဝန်ဆောင်မှုပေးခြင်းဖြင့် ကျေးရွာ၏ အလုပ်အကိုင်ရှားပါးမှု ပြဿနာကိုတဖက်တလမ်းမှကူညီ ဖြေရှင်းနိုင်ပြီး အခြားတဖက်မှလည်း လူငယ်လူရွယ်များနှင့်အမျိုးသမီးများ၏ အသိပညာ၊ခံယူချက် ရပ်တည်ချက်များနှင့် အကျင့်စာရိတ္တ ပိုမို ကောင်းမွန်လာစေရန် ကျေးရွာ၏ လူသားအရင်းအမြစ်ကောင်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးနိုင်သည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် ငါးနှစ်တာကာလအတွက်ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချမှတ်ထားပါသည်။

က.၁)ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအခြေအနေကို ပိုမိုတိုးတက်မှုရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် လူငယ် လူရွယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ပြန့်လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာ အခြေပြု အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှု ယန္တရား တိုးတက်လာစေရမည်။

က.၄) ကျွန်ုပ်တို့ရွာလူထုသည် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များမှ လူသားအရင်းအမြစ်ကောင်းများကို အပြည့်အဝအသုံးပြုလျက် တက်ကြွသော လူ့အသိုင်းအဝိုင်း အဖက်ဖက်မှ ဖွံ့ဖြိုးတိုးတက်သောလူမှုဝန်းကျင်တစ်ခုကို အချိန်တိုအတွင်းဖော်ဆောင်အောင်မြင်နိုင်ရမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် ငွေအရင်းအနှီး၊နည်းပညာနှင့်နည်းပညာ အသုံးချနိုင်စွမ်းကို ရရှိရေးကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းကိုတိုးချဲ့ဆောင်ရွက်သွားမည်။အသေးစား

ငွေကြေးလုပ်ငန်းနှင့်ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊အရင်းအနှီးငွေရရှိနိုင်ရာ အခြား နေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊မွေးမြူရေး လုပ်ငန်းများအတွက်ခွဲဝေချထားပေးမည်။ အလားတူပင်စိုက်ပျိုးရေး၊မွေးမြူရေး နည်းပညာ များထွန်းကားလာရေးအတွက်စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက် နိုင်ရေးအတွက်သက်ဆိုင်ရာနည်းပညာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။သင်တန်း ပြီးမြောက်ထားသူများမှတဆင့် ရရှိထားသော နည်းပညာများကို ပြန်လည် မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်း များအသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။ စီမံကိန်းချင့်ဘဏ္ဍာဝန်ကြီးဌာနနှင့်ချိတ်ဆက်ရန်ဒေသတွင်းချေးငွေ(ငွေစုငွေချေး)လုပ်ငန်းများ ကို တရားဝင်မှတ်ပုံတင်ပြီး သင့်တင့်သော နှုန်းထား များဖြင့် စနစ်တကျ လုပ်ကိုင်နိုင်စေရန် ဆောင်ရွက်ပြီ ငွေချေးသူများ၏ အတိုးနှုန်းပြဿနာကို အထိုက်အလျောက် ဖြေရှင်းနိုင်မည်။ ငွေကြေးအပ်နှံသူများနှင့် ချေးယူသူများ၏ အာမခံပစ္စည်းများကိုလည်း အာမခံပေးနိုင် မည်ဖြစ်သည်။စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ချိတ်ဆက်၍ အစိုးရ စိုက်ပျိုးရေးဘဏ်ငွေဆပ်ချိန်၌ စိုက်ပျိုးရေးထုတ်ကုန်(အဓိက-စပါး)များ၏ မတန်တဆ ဈေး ကျခြင်းအတွက် ကာကွယ်နိုင်ရန် စိုက်ပျိုးဘဏ်၏ မူဝါဒ၊ဥပဒေ၊နည်းဥပဒေများကို ပြန်လည် စိစစ်၊ရေးဆွဲ ၊ပြဋ္ဌာန်းပေးရန်နှင့် ဒေသတွင်း ဈေးကွက်များ အခိုင်အမာ ပေါ်ပေါက်လာစေ ရန် တင်ပြဆောင်ရွက်သွားပါမည်။

ခ.၂)မြေယာပိုင်ဆိုင်မှုပိုင်ဆိုင်လိုမှု(ပုံစံ-၇) လျှောက်ထားလိုသူများ၏ မြေယာသမိုင်း၊ အချက် အလက်များ၊ နယ်မြေအပိုင်းအခြားများကို တိတိကျကျ ဥပဒေလုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်သွားနိုင်ရန် မြေစာရင်းဌာနသို့ တင်ပြပြီးဆောင်ရွက်သွားပါမည်။ ကျေးရွာ၏ မြေယာကော်မတီကို ကျစ်လစ်ခိုင်မာစွာ ပြန်လည်ဖွဲ့စည်းပြီး မြေယာကိစ္စရပ်များကို လုပ်ထုံး လုပ်နည်းနှင့်အညီတိကျစွာ ကိုင်တွယ်ဆောင်ရွက်မည်။ မြေလွတ်၊မြေလပ်၊မြေရိုင်း၊လွင်မြေ၊ အင်းမြေများကို စိစစ်၍ကျွဲ၊နွားစားကျက်မြေများ ဖော်ဆောင်သွားမည်။ တရားမဝင် အရန် အတုများအလွယ်တကူထုတ်ပေးနေခြင်းကိုဥပဒေနှင့်အညီထိရောက်စွာအရေးယူဆောင်ရွက် သွားမည်။ကျေးလက်ဒေသများတွင် မြေယာကိစ္စရပ်ရှုပ်ထွေးမှု များပြားလျက်ရှိရာ နိုင်ငံတော် အဆင့်မြေစာရင်းစိစစ်ခြင်းဆိုင်ရာ မူဝါဒကိုချမှတ်နိုင်ရန် လွှတ်တော်သို့တင်ပြသွားပါမည်။ ဌာနဆိုင်ရာနှင့်ဆက်စပ်လျက်ရှိသော စိုက်ပျိုး မြေများကို ပိုင်ဆိုင်မှု ဖော်ပြနိုင်ရန်အတွက် ဌာနဆိုင်ရာ သို့မဟုတ်အစုအဖွဲ့ပိုင်မြေများ၏ သတ်မှတ်ဧရိယာအကျယ်အဝန်းနှင့် နယ်နမိတ် အပိုင်းအခြားကို သတ်သတ်မှတ်မှတ် ဖော်ပြပေး ရန် တိုက်တွန်းခြင်းအဆိုကို လွှတ်တော်သို့ တင်ပြသွားမည်။ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ ကျေးရွာ အစုအဖွဲ့ပိုင် ဆည်များကို ကွန်ကရစ်ဆည်များအဖြစ် အဆင့်မြှင့်တင်သွားမည်ဖြစ်ပြီး မြောင်းများ၊တာရိုးများကိုလည်း

ရေစီးရေလာကောင်းမွန်ရေးနှင့်ပိုမိုခိုင်ခန့်ရေးအတွက်လည်းဦးစားပေး ဆောင်ရွက်သွားမည်။ သီးနှံအထွက်တိုး စိုက်ပျိုးရေးဌာနမှ နည်းပညာနှင့်ဝန်ဆောင်မှုများကို တင်ပြတောင်းခံပြီး စိုက်ပျိုးရေးသွင်းအားစုများ၊စက်ကိရိယာများအရစ်ကျဝယ်ယူငှားရမ်းအသုံးပြုနိုင်ရေး အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

ခ.၃)ကျေးရွာတွင်အမျိုးသမီးများနှင့်လူငယ်များကိုကျေးလက်များ၊လူငယ်စွမ်းဆောင်ရည်မြှင့် သင်တန်းများ၊ ခေါင်းဆောင်မှုသင်တန်းများ ၊လူ့အခွင့်အရေးသင်တန်းများ၊ အမျိုးသမီး အိမ်တွင်းမှုသင်တန်းများနှင့် ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများ ပို့ချ သင်ကြားနိုင်ရန် ဆောင်ရွက်ပြီး အမျိုးသမီးနှင့်လူငယ်လူရွယ်အုပ်စုများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်သွားပါမည်။ပြန်ကြားရေးဝန်ကြီးဌာနနှင့်ချိတ်ဆက်၍စာပေဗိမာန်ဆုရစာရေးဆရာ/မ ကြီးများ၏ စာပေဟောပြောပွဲများကို ကျေးရွာအတွင်း နှစ်စဉ်ကျင်းပြနိုင်ရေးအတွက် ဆောင်ရွက်သွားမည်။ လူငယ်လူရွယ်များအကြား စာဖတ်သော အလေ့အကျင့်ဖြစ်ထွန်းလာ အောင်ဆောင်ရွက်မည်။ကျန်းမာရေးဌာနနှင့်ချိတ်ဆက်၍ ကျန်းမာရေး ဝန်ဆောင်မှုများ ၊ လိုအပ်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများ ဆေးဝါးနှင့် ပရိဘောဂများကိုတင်ပြပြီး ဆေးခန်းအသစ် ဖွင့်လှစ်နိုင်ရေးကို ဆောင်ရွက်မည်။ လူမှုဆက်ဆံရေးညံ့ဖျင်းပြီး ကျေးရွာ လူထုကိုရိုင်းပျစွာ ဆက်ဆံတတ်သော အကျင့်ပျက် ဝန်ထမ်းများအား အရည်အချင်း ပြည့်ဝ သော ဝန်ထမ်းကောင်းများ နှင့်လဲလှယ်အစားထိုးပေးနိုင်ရန်ဆောင်ရွက် မည်။ဆင်းရဲချို့တဲ့ သော ဝေဒနာရှင်များအတွက် ထောက်ပံ့ရေးအစီအစဉ်နှင့် အခမဲ့ ကုသနိုင်ရေး ရရှိနိုင်ရန် လူမှုကယ်ဆည်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာနသို့တင်ပြသွားမည်ဖြစ်သည်။ ကျေးရွာမှ ဘွဲ့ရလူငယ်လူရွယ်များ၊ဆေးဝါးကျွမ်းကျင်သင်တန်းဆင်းများအား ကျေးရွာ၏ တထောင့် တစ်နေရာမှ ကျန်းမာရေးဝန်ဆောင်မှုပြုနိုင်ရန်သင်တန်းများ တက်ရောက် နိုင်ရန် တင်ပြသွားပါမည်။ကဏ္ဍပေါင်းစုံမှ လူငယ်လူရွယ်များနှင်အပျိုသမီးများ ရပ်ရေးရွာရေးတွင် ပါဝင်နိုင်မှုကို အလေးထားဆောင်ရွက်သွားမည်။ကျေးရွာအတွင်း ကျား-မ ခွဲခြားဆက်ဆံမှု ၊ လူကြီးလူငယ်ခွဲခြား ဆက်ဆံမှုကိုတိုက်ဖျက်၍ ကျေးရွာအခြေပြု အဖွဲ့အစည်းများ ဘွဲ့ရ လူငယ်များ၊အမျိုးသမီးများအား စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ခေါင်းဆောင်မှုသင်တန်းများ တက်ရောက်စေခြင်း၊စာရင်းအင်းသင်တန်း များ တက်ရောက်စေခြင်း၊စာပေဟောပြောပွဲများ ပြုလုပ်ခြင်း၊စာဖတ်တတ်သော အလေ့အထ ထွန်းကားစေခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ် များပိုမိုထွန်းကားလာအောင်ဆောင်ရွက်မည်။ အုပ်ချုပ်ရေးမှူးလောင်းများ၏ အရည်အချင်း နှင့်ကိုက်ညီသော လူထုဆန္ဒနှင့်ကိုက်ညီသော ကျေးရွာအုပ်ချုပ်ရေးမှူးသစ်ကို လူထုဆန္ဒနှင့် အညီ မဲပေးရွေးချယ်သွားမည်။ကျေးရွာအခြေပြု အဖွဲ့အစည်းများ၊ဖွံ့ဖြိုးရေးကော်မတီနှင့် ကျေးရွာလူထု အားလုံးပါဝင်သော စုပေါင်းဆွေးနွေး ညှိ နှိုင်း ဆောင်ရွက်ခြင်းကို အခြေခံပြီး လူသားအရင်းအမြစ်ကောင်းများကိုအပြည့်အဝအသုံးပြုခြင်းဖြင့်ကျေးရွာ၏ ဘက်စုံဖွံ့ဖြိုးတိုး

တက်သော အုပ်ချုပ်မှုစနစ်တစ်ခုကို ထူထောင်သွားမည်။ ကျေးရွာတွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဌာနနှင့်ချိတ်ဆက်၍ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေနိုင်သော ဆေးဝါး များ၏ အကျိုးအပြစ်များနှင့် ဥပဒေ၊နည်းဥပဒေများ၊ပြစ်မှုပြစ်ဒဏ်များအား လူငယ် များအကြားအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မည်။ ကျေးရွာရပ်ကွက်မှစ၍ မူးယစ် ဆေးဝါးလက်လီလက်ကားရောင်းချသူများကိုဖော်ထုတ်၍ ထိရောက်စွာ နှိမ်နှင်းအရေးယူ သွားမည်။နိုင်ငံတော်အဆင့်မှ မူဝါဒများချမှတ်ပြီးကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် လွှတ်တော်သို့ တင်ပြမည်။အခြားတဖက်မှလည်း အသိပညာပေး လုပ်ငန်း များအလုပ်အကိုင် သင်တန်းများပြုလုပ်ရန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ဆောင်ပေးနိုင်ရန်ပြန်လည် နေရာချထားရေးဌာနသို့ ချိတ်ဆက်ရန် ဆောင်ရွက်သွား မည်။ အားကစားနှင့်ယဉ်ကျေးမှု ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဦးစီးနှင့် ချိတ်ဆက်၍ဘက်စုံဖွံ့ဖြိုးရေးအစီအစဉ်များကိုဆွေးနွေးသွားမည်။အား/ကာဌာနနှင့်ချိတ်ဆက် ရန်လိုအပ်သောနည်းပညာ၊ အားကစားပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ဆွေးနွေး ဆောင်ရွက် သွားမည်။ရက်တို/ရက်ရှည်သင်တန်းများဖွင့်လှစ်၍လေ့ကျင့်သင်ကြားပေးနိုင်ရန်ဆောင်ရွက် သွားမည်။

ခ.၄) ကျေးရွာအတွင်း လမ်းနှင့်တံတားများကို ကွန်ကရစ်လမ်း အဖြစ် တိုးမြှင့်ဆောင်ရွက်ရန် ကျေးရွာ ဆပ်ကော်မတီတစ်ခုကို ဖွဲ့စည်းပြီး ကျေးလက်ဌာနနှင့်ချိတ်ဆက်လုပ်ဆောင်သွား မည်။ ပညာရေးဌာနနှင့် ချိတ်ဆက်၍ ကျေးရွာတွင် လိုအပ်နေသော ထ.ခွဲ ကျောင်းဆောင်၊ ကျောင်းခန်းမဆောင်၊ ကျောင်းအုပ်ကြီးနေအိမ်နှင့် ဝန်ထမ်းနေအိမ်များအတွက် တင်ပြပြီး နည်းပညာ၊ငွေကြေး၊စက်ကိရိယာ၊ယန္တရားနှင့်အခြားအထောက်အပံ့များအတွက် ကျေးလက် ဦးစီးဌာနနှင့်ညှိနှိုင်း ဆောင်ရွက်သွားမည်။ကျောင်းအကျိုးဆောင် အဖွဲ့ဖွဲ့စည်း၍ ဖွံ့ဖြိုးရေး ကော်မတီ၊ ကျေးရွာအာဏာပိုင်များနှင့် ရွာလူထုတို့ ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။ ကျေးရွာခန်းမဆောင်တစ်ခုကိုလည်း အကောင်အထည်ဖော်ဆောင်ရွက် သွားမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျ သောချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကိုရင်းနှီးကျွမ်းဝင်ပြီးသောအစိုးရဌာနဆိုင်ရာများ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံ ပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရ ဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

## (ခ) စိုက်ပျိုးမြေ ထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင် မြေပဲကိုလည်း သီးထပ်အဖြစ် အနည်းအကျဉ်း စိုက်ပျိုးကြသည်။ အချို့တောင်သူများသည် စိုက်ပျိုးရေးအတွက် ဆည်မြောင်း တည်ဆောက်ပြုပြင်သည့်အလုပ်ကို လယ်မဆင်းမီ(၁)လခွဲကြာကြာမှစ၍ အချိန်ယူကာ ကြိုတင်ပြင်ဆင်ကြရသည်။ အချိန်၊ငွေ၊လုပ်အား အရင်းအနှီးများ စိုက်ထုတ်ရသော်လည်း ဆည်ပေါက်ခြင်း၊ မြောင်းကျိုးခြင်းများရှိနေပြီး အရင်းအနှီးများသလောက် အကျိုးဖြစ်ထွန်းမှု နည်းသည်။ စိုက်ပျိုးရေအလုံအလောက်ရရှိရေးသည် ကျေးရွာ တောင်သူများ၏ အဓိက ပြဿနာဖြစ်ပြီး ဆည်မြောင်းစနစ်အဆင့်မြင့်တင်ပေးရန် လိုအပ်သည်။ မြေဆီမြေသြဇာအသင့်အတင့် ဖြစ်သောကြောင့်စပါးအထွက်တိုးရန်ဓါတ်မြေသြဇာအများအပြား ထည့်ကျွေးပေးရသည်။ ဒေသတစ်ခုတွင်သာဖြစ်သော်လည်းမြေအမျိုးအစားကွာဟများပြားသည်။ ဓါတ်မြေသြဇာ အမျိုးအစားများစွာရှိသော်လည်းအချို့အမျိုးအစားများသာကိုက်ညီမှုရှိပြီးအများစုမှာ အကျိုးဖြစ်ထွန်းမှုနည်းသောကြောင့် ကျေးရွာတွင် မြေဆီလွှာ အမျိုးအစားများ၊ရေ အမျိုးအစားများကို စမ်းသပ်သင့်တော်သည့် ဓါတ်မြေသြဇာ ဖြည့်သွင်းနိုင်ရန် နည်းပညာများလိုအပ်ချက်ရှိသည်။ တောင်သူများ၏ စိုက်ပျိုးရေးနည်းပညာနှင့် ဝန်ဆောင်မှုများအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီး ဆောင်ရွက်သင့်ပါသည်။

## (ဂ) မွေးမြူရေး

ကျေးရွာတွင် ဒေသမျိုးစိတ် ကျွဲ၊နွား၊ဝက်များ တနိုင်တပိုင် မွေးမြူကြပြီး စီးပွားဖြစ်မွေးမြူလိုသူများနှင့် ကိုယ်တိုင်စမ်းသပ် မွေးမြူလိုသူများအတွက် ငွေကြေး၊နည်းပညာနှင့် ဝန်ဆောင်မှုများလိုအပ်လျက်ရှိသည်။ကျေးရွာ၏ စိုက်ပျိုးရေးလုပ်ငန်းအပြင် တွက်ခြေကိုက်သော မွေးမြူရေးလုပ်ငန်းများတိုးတက်လာရန် ဆောင်ရွက်ခြင်းဖြင့် ကျေးရွာ၏ အလုပ်အကိုင်နှင့် ဝင်ငွေရလမ်းတိုးလာပေမည်။သို့ပါ၍ ကျေးရွာ၏ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် မွေးမြူရေးဌာနမှ ဦးစီးဆောင်ရွက်သင့်ပါသည်။

## (ဃ) အသေးစားစက်မှုလက်မှု လုပ်ငန်းများဆိုင်ရာ အထောက်အပံ့

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာကောင်းများရှိပြီးလူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းကောင်းများ အမြတ်အစွန်းများရှိနိုင်သည်။ ကွန်ပျူတာသင်တန်း၊ ဖုန်းပြင်သင်တန်း၊ စက်ပြင်သင်တန်း၊ လက်သမားသင်တန်း၊ ပန်းရံသင်တန်း၊စက်ချုပ်သင်တန်း၊ဇာထိုးပန်းထိုးသင်တန်းနှင့်အခြား အိမ်တွင်းမှုသင်တန်းများစသည့် သက်မွေးဝမ်းကျောင်းသင်တန်းများနှင့် အသေးစားစက်မှု လက်မှုလုပ်ငန်းများ လက်လှမ်းမီမှုအားနည်းသည်။ကျွန်ုပ်တို့ကျေးရွာတွင် ရေမြေ တောတောင်မှထွက်သော ထုတ်ကုန်များကိုသာ အားထားနေရသောကြောင့် ရေရှည်တွင် ကျေးရွာ၏ သယံဇာတများ ကုန်ခမ်းဖွယ် အကြောင်းရှိနေ သည်။ကျေးရွာ၏ ဈေးကွက်၊နည်းပညာနှင့်သတင်း အချက်အလက်များ လက်လှမ်းမီမှု အားနည်း လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးရွာ၏ လက်ရှိလုပ်ငန်းများအား အသက်မွေးဝမ်း ကျောင်း ပညာရပ်များနှင့် စက်မှုလက်မှု လုပ်ငန်းများဖြင့် အစားထိုး ဆောင်ရွက်ပေးရန် လိုအပ် သည်။

## (င) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်း

လယ်စိုက်တောင်သူတိုင်း စိုက်ဘဏ် ထုတ်ယူနိုင်ရေး၊အစိုးရ ဝန်ဆောင်မှုရရှိနိုင်ရေးကို အခြေခံ၍ အစိုးရစိုက်ဘဏ် ချေးငွေ၏ မူဝါဒများကို ခေတ်စနစ်နှင့်လျော်ညီစွာ ပြန်လည်စိစစ်၊ရေးဆွဲ ၊ပြဋ္ဌာန်းသင့်သည်။စိုက်ပျိုးဘဏ်၏ ဝန်ဆောင်မှုမှာ ကျဉ်းမြောင်းပြီး ဒေသတွင်း ချေးငွေလုပ်ငန်းများကိုလည်း အများစု အားထားကြရသည်။ဒေသတွင်း ချေးငွေလုပ်ငန်းများတွင် အဆင်ပြေမှုရှိသော်လည်း စနစ်၏ အားနည်းချက်များရှိသည်။ကျေးရွာတွင် ငွေရေးကြေးရေးအရ ပုဂ္ဂလိကဘဏ်၊ ပြင်ပချေးငွေဝန်ဆောင်မှုလုပ်ငန်းများနှင့် လက်လှမ်းမီမှုမရှိပါ။ စီမံကိန်းနှင့် ဘဏ္ဍာဝန်ကြီးဌာန အနေဖြင့် စိုက်ဘဏ်မူဝါဒ ပြန်လည်စိစစ် ပြဋ္ဌာန်းခြင်း၊ ဒေသတွင်းငွေစုငွေချေးလုပ်ငန်းများ၏စနစ်များကိုနည်းဥပဒေများပြဋ္ဌာန်းပေးခြင်း၊ ထိန်းညှိခြင်းနှင့် ပုဂ္ဂလိကဘဏ်နှင့်ပြင်ပဝန်ဆောင်မှု အဖွဲ့များနှင့်ချိတ်ဆက်ရန် စိုက်ပျိုးရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သင့်ပါသည်။

## (င) အခြေခံအဆောက်အဦများ

ကျေးရွာသည် အိမ်ထောင်စုနှင့် လူဦးရေ တို့ များလာသော်လည်း အစဉ်အလာအရ အုပ်ချုပ်သော အုပ်ချုပ်မှုစနစ်နှင့် စီမံကိန်းများ အားနည်းမှုကြောင့် ကျေးရွာ၏ အခြေခံအဆောက်အဦများ လိုအပ်ချက်ကြီးမားသည်။ရွာတွင်း လမ်း၊တံတား၊ထ.ခွဲ ကျောင်းဆောင်၊ ကျောင်းအုပ်ကြီးနေအိမ်၊ ဆရာ/မ နေအိမ်၊ကျန်းမာရေးဝန်ဆောင်မှုများ ၊ဆည်၊မြောင်းများ

နှင့် ခန်းမဆောင်များမှာ မရှိမဖြစ် လိုအပ်သော အခြေခံ အဆောက်အဦးများ ဖြစ်ကြသည်။ ယင်းအခြေခံအဆောက်အဦများကို၂၀၁၆ခုနှစ်ဖွံ့ဖြိုးရေးစီမံကိန်းတွင် ပါဝင်ရေးဆွဲထားသည်။ ကျေးရွာ၏အစဉ်အလာအရအုပ်ချုပ်သော အုပ်ချုပ်မှုစနစ်တွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊တာဝန်ခွဲဝေမှု၊လူထုအားလုံးကို ကိုယ်စားမပြုမှုများရှိနေသည့်အလျောက် ယခုရေးဆွဲသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှာထင်သ လောက် ခရီးမပေါက်ဘဲ နှောင့်နှေးနိုင်ဖွယ်ရှိပါသည်။သို့ဖြစ်၍ အုပ်ချုပ်မှုစနစ်သည် ကျေးရွာ၏ အကြီးမားဆုံး အားနည်းချက် အခြေခံ လိုအပ်ချက်တစ်ခုအဖြစ်ရှိသည်။ပြည်ထဲရေးဌာန၏အောက် တွင်ရှိသော ရပ်/ကျေး အုပ်ချုပ်မှုစနစ်အား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စိစစ်ရန် လိုအပ်နေပြီး လူထုကို ကိုယ်စားပြုသော ကျေးရွာအုပ်ချုပ်မှုစနစ်ကို ပြောင်းလဲခြင်းဖြင့် ကျေးရွာ၏ အခြေခံ အဆောက်အဦးများနှင့် လူမှုစီးပွားရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်လာနိုင်သည်။ သက်ဆိုင်ရာ ဝန်ကြီးဌာနမှလည်း စီမံကိန်းတွင်ပါဝင်သော အခြေခံအဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံပြီး ကျေးရွာ၏ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့်နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့ အကောင်ထည်ဖော်မည်ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင် အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုကငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်ကဦးစားပေးအစီအစဉ်ချခဲ့သောစီမံကိန်း များသည်ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်း အချို့ကို ရှေ့ပိုင်းနှစ်များတွင်ဆောင်ရွက်နေစဉ်နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များ ပေါ်လာပါမည်။ ပုံမှန်အားဖြင့် စံနစ်တကျ ရေးဆွဲထားသောကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည်သဘာဝ ဘေးအန္တရာယ်ဆိုး ဆိုးဝါးဝါးမ ကျပါကပြောင်းလဲမှု သိသိသာသာ မရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအား ဖြင့်အစဉ်သဖြင့်ငါးနှစ်တာ စီမံချက်တစ်ခု အသင့်အနေအထားတွင်ရှိနေပါမည်။

### (ခ) ဘဏ္ဍာနှင့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကိုအခြေခံ၍ အုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာအရခွဲခြားခြင်း (Functional classification )နှင့်စီးပွားရေး အကျိုးဖြစ်ထွန်းမှုနှင့်

အကျိုးသက် ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍ နှစ်မျိုး ရှိသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထား သော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Economicclassification) တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့်ရွာလုံးကျွတ်အစည်းအဝေး တွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေး တွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **အခြေခံအဆောက်အဦ** | | | | | |
| | ၁။ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း | ၁၀၀ | ၁ | –ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | |
| **လမ်း ၊ တံတား** | | | | | |
| | ၂။ ကျေးရွာတွင်းလမ်းပေါ်ရှိ ကွန်ကရစ်တံတား တည်ဆောင်ခြင်း | ၉၁ | ၂ | – ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း | |
| | ၃။ ကျေးရွာတွင်းကွန်ကရစ်လမ်း ခင်းခြင်း | ၈၀ | ၃ | | |
| | ၄။ကျေးရွာလယ်ယာကုန်ထုတ် လမ်းဖောက်လုပ်ခြင်း | ၆၅ | ၄ | | |
| **ပညာရေး** | | | | | |
| | ၅။ အထက(ခွဲ)စာသင်ကျောင်း ကွန်ပျူတာခန်း(၁)ထပ် တည်ဆောက်ခြင်း | ၅၅ | ၅ | – မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနသို့ ချိတ်ဆက်ဆောင်ရွက်ခြင်း၊ မြို့နယ်ပညာရေးဌာနသို့တင်ပြခြင်း | |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန် ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| **စီမံချက်** | **အဆင့်** | **၂၀၂၄** | **၂၀၂၅** | **၂၀၂၆** | **၂၀၂၇** | **၂၀၂၈** |
|---|---|---|---|---|---|---|
| ၁။ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ၁ | —— | —— | | | |
| ၂။ ကျေးရွာလယ်ယာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း | ၂ | | —— | —— | | |
| ၃။ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၃ | | | —— | —— | |
| ၄။ ကျေးရွာတွင်းလမ်းပေါ်ရှိကွန်ကရစ်တံတား တည်ဆောက်ခြင်း | ၄ | | | | —— | —— |
| ၅။ အထက(ခွဲ)စာသင်ကျောင်းကွန်ပျူတာ ခန်း(၁)ထပ်တည်ဆောက်ခြင်း | ၅ | | | | | —— |

**၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင် ဖေါ်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန်သာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သောဘတ်ဂျက် ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည်တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းရှင်များ ထံမှ ဘတ်ဂျတ်အပါအဝင်စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ဖေါ်ပြထားသော ရည်ညွှန်း ဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထား ခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |

| | | | | | | |
|---|---|---|---|---|---|---|
| ၁ | ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | | | √ | | |
| ၂ | ကျေးရွာလယ်ယာကုန်ထုတ်လမ်းဖောက်လုပ်ခြင်း | | | √ | | |
| ၃ | ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | | | √ | | |
| ၄ | ကျေးရွာတွင်းလမ်းပေါ်ရှိ ကွန်ကရစ်တံတားတည်ဆောက်ခြင်း | | | √ | | |
| ၅ | အထက်(ခွဲ)စာသင်ကျောင်းကွန်ပျူတာခန်း(၁)ထပ်ဆောက်လုပ်ခြင်း | | | | √ | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

**(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည် ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန်ဦးဆောင်ပါမည်။ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့ကကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာအကူအညီများရယူပါမည်။

**(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင်တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့်သင်တန်းများအတွက်နည်းပညာဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှု ပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိက အဖွဲ့ အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင်ဖော်ပြထားသောသတ်သတ် မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေး တာဝန်မှာမြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

## ၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက်ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာ အလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ် ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ပမာဏကိုကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ဥပမာအားဖြင့်တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦး၌ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်း လွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲ ဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည် ဖော်သော နည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုကြီးကြပ်စစ်ဆေး

သုံးသပ်ရာတွင်ကျေးရွာအတွင်းရှိအဖွဲ့အစည်းများအိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန်ဆောင်ရွက်ပါမည်။ဤသို့ဆောင်ရွက်နိုင်ရန်သင့်တော်သောအဖွဲ့အစည်းစနစ်၊လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက် အလက်များ (Baseline) ရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း(indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည်၄င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင်ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့်ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု(မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင်ကြုံတွေ့နေရသောအခက်အခဲများပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့်သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့အစီရင်ခံပေးပို့ပါမည်။အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှာမယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရပါမည်။

### (၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုတို့ဆောင်ရွက် သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကိုအောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ ကျေးရွာကဖိတ်ကြားအသိပေးတင်ပြနိုင်သောအခွင့်အလမ်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့် ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊သတင်းမီဒီယာများ၊ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများ ထံမှအကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂၃ | ၁၈ | ၄၁ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၉၅ | ၈၅ | ၁၈၀ | - | - |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၀၂ | ၈၉ | ၁၉၁ | - | - |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၆၆ | ၁၆၀ | ၃၂၆ | - | - |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၈၃၃ | ၇၈၀ | ၁၆၁၃ | ၂ | ၃ |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၅၈ | ၆၂ | ၁၂၀ | - | - |
| စုစုပေါင်း | | ၁၂၇၇ | ၁၁၉၄ | ၂၄၇၁ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၅၂၂ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁)
နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅)
